# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၅)ရက် ၊ တနင်္လာနေ့ ၊ (6-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ





ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၅**

ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်**

စာမျက်နှာ - ၁၈

**ဥပဒေနှင့်အညီပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်တို့၏ ဆန္ဒအမှန်** ဆောင်းပါး

စာမျက်နှာ - ၈


**Myanmar Mobile Money(MMM)** ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၆ ရက်
အယ်ဒီတာ့အာဘော်

# စက်သုံးဆီလေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး ပြည်သူများ ပူးပေါင်းပါဝင်ပေး

ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသများ၌ စစ်ရေးပဋိပက္ခများကြောင့် လောင်စာဆီတင်သွင်းသည့် သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရာ ရေလမ်းကြောင်းတစ်လျှောက်တွင် အတားအဆီး၊ အဟန့်အတားပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသော လောင်စာဆီအခက်အခဲများကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်စေရန် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်တွင် စက်သုံးဆီကို စနစ်တကျသုံးစွဲနိုင်စေရန်နှင့် လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်ရည်ရွယ်၍ ဒစ်ဂျယ်တယ်နည်းပညာအခြေပြု ဖြန့်ဖြူးရောင်းချသည့်စနစ်ကို မတ် ၁၂ တွင် စတင်ဆောင်ရွက်ခဲ့ပြီး မတ် ၂၇ တွင် ယာဉ်တစ်စီးချင်းစီအတွက် စက်သုံးဆီပမာဏကို သတ်မှတ်၍ ရောင်းချပေးသည့်စနစ်သို့ အဆင့်မြှင့်တင်ခဲ့သည်။ အဆိုပါစနစ်ကို လက်တွေ့အသုံးပြုရာတွင် တွေ့ကြုံရသည့်နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် မသမာမှုများကို ဟန့်တားနိုင်ရန်အတွက် Online မှ စောင့်ကြည့်သတိပေးခြင်း၊ ထိန်းချုပ်ခြင်း၊ ပြည်သူတို့၏ တုံ့ပြန်မှုများကို နားထောင်၍ နည်းပညာအဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရောင်းချနေသော စက်သုံးဆီဆိုင် ၂၉၄၃ အနက် ၈၇၉ ဆိုင်တွင် Bar Code/QR Code များကို Scan ဖတ်၍ ရောင်းချပေးသည့်စနစ်ဖြင့်လည်း ဆောင်ရွက်နိုင်ပြီဖြစ်သည့်အပြင် ယာဉ်တစ်စီးချင်းစီအတွက် စက်စွမ်းအားအပေါ်မူတည်၍ စက်သုံးဆီပမာဏသတ်မှတ်၍ ရောင်းချပေးရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍသို့ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ Taxi ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ကုန်တင်ယာဉ်များကို ပမာဏတိုးမြှင့်သတ်မှတ်ပေးထားပြီး တစ်ပတ်လျှင် သုံးရက်ဆီဖြည့်တင်းနိုင်ရန် ခွင့်ပြုပေးလျက်ရှိသည်။

သို့သော် ထိုသို့ ခွင့်ပြုပေးမှုကို အခွင့်ကောင်းယူ၍ မသမာမှုများပြုလုပ်နေသည့်အတွက် ပြည်သူများ ထိခိုက်နစ်နာစေမှု၊ စိတ်အနှောင့်အယှက်ဖြစ်စေမှုများဖြစ်ပေါ်နေသည်ကို စစ်ဆေးတွေ့ရှိရသည်။ ထို့ကြောင့် အဆိုပါယာဉ်များကို မောင်းနှင်ခဲ့သည့်ခရီးအကွာအဝေးပေါ်တွင်သာမူတည်၍ ဆီရောင်းချပေးသည့်စနစ်ကို ဧပြီ ၃ ရက်မှစ၍ ဆောင်ရွက်လျက်ရှိပေသည်။ ထို့ပြင် စက်သုံးဆီဈေးတိုးမြင့်လာမှုကို အခွင့်ကောင်းယူ၍ တချို့အရောင်းဆိုင်များသည် ရောင်းချပေးရမည့်ပမာဏအတိုင်း ရောင်းချခြင်းမပြုဘဲ ဆိုင်ပိတ်ထားခြင်း၊ ဈေးတင်ရောင်းချခြင်းစသည့် မသမာမှုများပြုလုပ်လာခြင်းတို့ကြောင့် စက်သုံးဆီများ အမှန်တကယ်အသုံးပြုသည့်ပြည်သူများလက်ဝယ်ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများမရှိစေရေးတို့အတွက် မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို အစိုးရက ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်ကြောင့်ကြ၍ စက်သုံးဆီ ဝယ်ယူသိုလှောင်ခြင်းများကို မပြုလုပ်ကြရန်လိုသည်။ ယခုဖော်ဆောင်နေသော စက်သုံးဆီရောင်းချပေးသည့်စနစ်သည် ပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်စေရန်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်ဖြစ်သည့်အတွက် စက်သုံးဆီရောင်းချခြင်းနှင့် စပ်လျဉ်း၍ မမှန်မကန်မှုများတွေ့ရှိပါက ပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့်အပြင် အကြံဉာဏ်ကောင်းများပေးခြင်းတို့ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကေ ၁၉၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းကေ ၁၉၂၀ ထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦး ကပြောပြ၍ သိရသည်။ (၂၀၆)

# အမရပူရမြို့နယ် ဖရဲကျွန်း(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဖရဲကျွန်း (ရှေ့)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဖရဲကျွန်း (ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖရဲကျွန်း (ရှေ့) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃ ဒသမ ၂၀၀ သန်းနှင့် အသေးစားလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၂၉ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၀၀ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် မတ်လတတိယပတ်မှစ၍ ယနေ့ထိ ခဝဲသီးများ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ တစ်ရက်လျှင် ခဝဲသီး ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိအရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ခဝဲသီးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ ခဝဲသီး ပိဿာချိန် ၅၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်သွေးကောင်းပါတယ်။ ဒေသထွက်ဖြစ်တော့ သန့်ရှင်းလတ်ဆတ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလာပါတယ်'' ဟု မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကြို့ပင်ကောက်မြို့နယ် ထောက်ကြံ့တောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကြို့ပင်ကောက် ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ထောက်ကြံ့တောကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ တိုးချဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# သာစည်မြို့နယ် မြင်းဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြင်းဒိုက်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြင်းဒိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၄၆သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၃၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၁ ဒသမ ၃၆ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နေကြာ ၂၉၃၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် နတ်ကန်(ရှေ့)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကန်(ရှေ့)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းဖြင့် ဒေသနို့စားနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အသက်ဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ရှေ့ဆောင်အဖွဲ့၊ လမ်းပြအဖွဲ့၊ စံပယ်အဖွဲ့နှင့် ချမ်းသာအဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF)စီမံကိန်းခွင့်ပြုငွေကျပ် သိန်း၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် ရည်ရွယ်၍ (RBF)စီမံကိန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပေါ်ဆန်းဆန်အိတ်တွေကို ပြည်တွင်းရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဖျာပုံဒေသထွက်ဆန်တွေထဲက ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်။ ဆန်တွေကို ကုန်းလမ်းကြောင်းကနေ အဓိကတင်ပို့ရောင်းချနေပါတယ်။ ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ မှ ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပေါ်ဆန်းဆန်များ ပိုမိုတင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြ၍သိရသည်။ **ကျော်ကျော်လင်း**



# ကျေးဇူးကြီးမားဆရာများ

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

မြင်းမိုရ်တောင်မက ကျေးဇူးကြီးမားလှသော ဆရာသမားများ၏ ဂုဏ်ပုဒ်ကိုဖော်ပြမည်ဆိုလျှင် မိမိဖော်ပြနိုင်သည်ကား ဆီးစေ့လောက်ပင်မရှိပါ။ သမုဒ္ဒရာအကြောင်းရေးမည်ဟု စဉ်းစားသောအခါ မိမိ၏ မျက်စိမြင်ကွင်းကား နွားခြေရာခွက်ထဲက ရေအိုင်လေးမျှသာဖြစ်ကြောင်း သိပါ၏။ သို့ရာတွင် နှမ်းစေ့တစ်စေ့မျှသာဖြစ်ပါစေ၊ စာရေးသူအား နှစ်ပေါင်း ၇၀ ကျော်မျှ၊ အကြောင်းအကျိုးအကောင်းအဆိုးတို့ကို ချစ်ခြင်းစေတနာကြီးမားစွာဖြင့် သင်ပြလမ်းညွှန်ပညာရစေခဲ့သည့် ဆရာတို့၏ ကျေးဇူးဂုဏ်ကို လျှပ်တစ်ပြက်၊ စက္ကန့်အနည်းငယ်မျှဖြစ်စေ၊ တင်ပြပါရစေ။ ဆရာသမား၊ ဆရာများဟုဆိုသဖြင့် ဆရာမများကောမပါဘူးလားဟုဆိုလာသည်ရှိသော် ထိပ်ဆုံးမှပါပါသည်။ အမည်နာမ ကျန်ရစ်သည်ကတော့ စာမျက်နှာကန့်သတ်ချက်ကြောင့်ပါဟု ဖြေပါရစေ။

စာဖတ်သူများ သိပြီးသားဖြစ်သည့်အတိုင်း လူသားသည်မွေးလာစဉ်က ဘာအသိ၊ ဘာပညာ၊ ဘာအတတ်၊ ဘာနည်းနာမှမသိရှိသေးပါ။ လက်ချည်းဗလာရောက်ရှိလာသော ကလေးငယ်လေးဖြစ်ပါ၏။ ငိုတတ်မှ နို့စို့ရခြင်းအချက်ပြဆက်သွယ်မှုသဘောကို သေးစို၍အေးသောအခါနှင့် ချေးပါ၍ နံစော်ခြင်းကို မလိုလားသောအခါ သူတို့ကိုကြည့်ပါဦး၊ ပြုပြင်ပြုစုပါဦးဟုလည်း ဆန္ဒပြုတတ်လာပါသည်။

**လူဟူသည်ကား**

လူသားမှန်သမျှသည် စကားဖြင့်၊ ကိုယ်အမူအရာဖြင့်၊ လက်ဟန်ခြေဟန်ဖြင့်၊ မျက်နှာပေးမျက်နှာထားဖြင့် အခြားသူကို ဆက်သွယ်အချက်ပြလျက် အပြန်အလှန် ဆက်သွယ်ထိတွေ့ကာ အသိပညာဖွံ့ဖြိုးလာရပေသည်။ လက်ဦးဆရာကား အမိနှင့်အဖ၊ မာတာပီတ၊ ကျေးဇူးအထူးတင်ရမည့် ကျေးဇူးရှင်ဆရာများပါတည်း။

လူတစ်ယောက်၏ ဉာဏ်ရည်ဉာဏ်သွေး၊ အသိအမြင်၊ အလေ့အကျင့်၊ ဘဝအမြင်၊ ခံယူချက်၊ ယုံကြည်ချက်၊ မျှော်လင့်ချက်၊ မျှော်မှန်းချက်ဟူသမျှသည် မိဘ၊ ဆရာများအပါအဝင် သူ၏ထိတွေ့ရသမျှ ပတ်ဝန်းကျင်၏ ပြုပြင်ပုံသွင်း ခံယူသင်ယူခြင်းမှ ရရှိခဲ့လေသည်။ အကျဉ်းမျှ ဖော်ပြရလျှင် အောက်ပါအချက်များပါပေမည်။

၁။ မျိုးရိုးဗီဇ
၂။ အမိ၏နှုတ်မှုစကား
၃။ အဖ၏အလုပ်နှင့်အပြုအမူ
၄။ ဆွေမျိုးအသိုင်းအဝိုင်း
၅။ လူမျိုးပတ်ဝန်းကျင်
၆။ ဒေသအလေ့အထ(ဘာသာရေးအပါအဝင်)
၇။ ကျောင်းသင်ဆရာ၊ ဆရာမများအပြင် ငယ်စဉ်က သင်ပြသောဆရာတော်၊ သံဃာတော်
၈။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဌေ့အသက် အစဉ်အလာအသွင်အပြင်
၉။ လုပ်ငန်းခွင် သဘောသဘာဝ
၁၀။ ရွယ်တူအဖော်အပေါင်း၊ ကျောင်းနေဖက်
၁၁။ တစ်ဦးချင်းစီ၏ ရွေးချယ်မှု၊ အထုံ၊ ပါရမီ၊ ဝါသနာစိတ်ပါဝင်စားမှု
၁၂။ ခေတ်ပြိုင်အနုပညာ၏သက်ရောက်မှု
၁၃။ သမိုင်းကြောင်း နောက်ခံကား ခေတ်ကာလ၏ရိုက်ခတ်ပုံသွင်းမှု စသည် စာဖတ်သူက အကျယ်ကို ဆက်လက်တွေးခေါ်၍ မြင်ကွင်းကျယ်သိမြင်ပါလိမ့်မည်။

**ဘဝခရီး**

စားရေးသူ၏ဘဝကိုကြီးကြီးမားမားကောင်းကျိုးတရားများရရှိစေအောင် ပျိုးထောင်လေ့ကျင့်ပေးကြသူများစွာရှိခဲ့ပါသော်လည်း မရေမတွက်နိုင်လောက်အောင် အရိပ်အာဝါသ၊ အရှိန်အဟုန်ပေးဝေခဲ့သူအချို့ကား ဖခင်ကျေးဇူးရှင်၊ အလယ်တန်းပထဝီဝင်သင်ပြခဲ့သည့် ဆရာဦးမာတင်၊ လေးတန်းဘာသာစုံသင်ပြသည့် အတန်းပိုင်ဆရာဦးလှကျော်၊ အလယ်တန်းကမ္ဘာ့သမိုင်းသင်ပြခဲ့သော ဆရာဦးထွန်းမောင်၊ အထက်တန်းပထဝီဝင်သင်ခဲ့သူ ဆရာဦးအုန်းကြည်၊ တက္ကသိုလ်ဝင်တန်း မြန်မာစာပြဆရာမဒေါ်ခင်စောမူ (စာရေးဆရာစိန်လွင်လေး၏နှမ)၊ တက္ကသိုလ်ဝင်တန်း အတန်းပိုင်ဆရာနှင့် အင်္ဂလိပ်စာသင်ပြသူ ဆရာဦးအောင်သန်း(ရွှေနေကြီးဦးလှတင်၏သား)၊ အထက်တန်းကျောင်းသားဘဝ ကင်းထောက်လူငယ်အသင်း (စေတနာ့ဝန်ထမ်းအချိန်ပို) သင်ကြားခဲ့ကြသည့် ဆရာဦးသန်းနိုင်နှင့် ဆရာဦးအောင်စန်းရည်။ ချောက်မြို့ အထက(၁)ကင်းထောက်အသင်းဝင် ဦးမျိုးအောင် (ဓာတ်ညွှန်းဆရာ၊ ပညာရှင်)နှင့် စာရေးသူတို့ ၂၀၂၆ ခုနှစ် လွတ်လပ်ရေးနေ့တွင် "အလင်္ကာကျော်စွာဘွဲ့" ချီးမြှင့်ဂုဏ်ပြုခံရခြင်းက ဆရာကြီးဦးသန်းနိုင်နှင့် ဆရာကြီးဦးအောင်စန်းရည်တို့၏ စေတနာတရားနှင့် ကျေးဇူးတရား ထိရောက်လှပုံကို ထင်ရှားသည့် သက်သေသာဓကအဖြစ် မြင်ရနိုင်ပါ၏။ ချောက်မြို့ အထက(၁)မှာ သင်ကြားပြသခဲ့ကြသော ဆရာ၊ ဆရာမအပေါင်းအတွက် ဂုဏ်တက်စရာကျေးဇူး တုံ့ပြန်နိုင်ခြင်း ကန်တော့ပန်းဟုလည်း ယူဆနိုင်ပါ၏။ လူထုဦးလှ၊ ဒေါ်အမာ၊ ဒဂုန်တာရာ၊ မြသန်းတင့်၊ တက္ကသိုလ်ဘုန်းနိုင် စသည့်ပုဂ္ဂိုလ်ကြီးများနှင့်အတူ ရသောဘွဲ့ဖြစ်၍လည်း မျက်နှာပူစွာဦးညွှတ်ရပါသည်။ (သက်ရှိထင်ရှား အလင်္ကာကျော်စွာဘွဲ့ချီးမြှင့်ခံရသည့် စာရေးဆရာကား မိမိနှင့် ငြိမ်းမင်း၊ မြသန်းစံ စသဖြင့် လက်ငါးချောင်းစာပင်မရှိပေ။)

**တက္ကသိုလ်**

မန္တလေးတက္ကသိုလ်မှာ လေးနှစ်တာစိတ်ပညာ အထူးပြုဘာသာအဖြစ် လေ့လာဆည်းပူးခဲ့ရာတွင် (ကျောင်းသားဦးရေလည်း ၃၀-၄၀ ထက်မပိုသဖြင့်) ဆရာကြီးများက တစ်ဦးချင်းစီကို ဂရုတစိုက် ကြပ်ကြပ်မတ်မတ် သင်ကြားပြသခဲ့ပါ၏။ ပါမောက္ခ ဒေါက်တာစိန်တူ၊ ပါမောက္ခ ဦးခင်မောင်သန်း(စိတ်ပညာ)၊ ပါမောက္ခဒေါ်ကြင်စိန်၊ ဦးအုန်းဖေ၊ ဒေါက်တာညီဝင်းမှန်၊ ဒေါက်တာကိုကိုကြီး၊ ဒေါက်တာထွန်းသန်းစသော ဆရာ၊ ဆရာမများက မိမိတို့ကို သားသမီးရင်းပမာ ရင်အုပ်မကွာ သင်ကြားပို့ချကြပါ၏။ ဆရာတပည့်ဆက်ဆံရေးသည် မိသားစုတစ်စုအဖြစ် ရင်းနှီးစည်းလုံးခဲ့သည်ကား သင်ကြားမှု၊ သင်ယူမှုကို ထိရောက်စေခဲ့ပါ၏။

**ဗိုလ်သင်တန်း**

၁၉၇၀ ပြည့်နှစ်တွင် ဘွဲ့ရပြီး ကျောင်းသားဘဝ တစ်ခန်းရပ်သွားပါသည်။ မှော်ဘီဗိုလ်သင်တန်းကျောင်းမှာ အပတ်စဉ်(၄၃)အဖြစ် ၁၉၇၁-၁၉၇၂ သင်ယူရစဉ်တွင်မူ အချိန်တိုတိုအတွင်း ပီကင်းဘဲကင်ကို (ပိုက်ထိုးထည့်၍)အစာကျွေးသကဲ့သို့ အတင်းဖိသင်သမျှ ညမီးပိတ်ချိန် ဖယောင်းတိုင်ခိုးထွန်းကာ စာကျက်ခဲ့ရပါသေး၏။ ဗိုလ်လောင်းတန်းလျားကို သန်းခေါင်သန်းလွဲ၌ လက်နှိပ်ဓာတ်မီးနှင့် လာစစ်ဆေးသော တပ်ခွဲအရာရှိ ဗိုလ်ကြီးအေးကို၊ ဗိုလ်ကြီး လှသောင်း စသည့်ဆရာများက ဆူပူမာန်မဲခြင်းမပြုပါ။ "ဟေ့ ဗိုလ်လောင်းရေ၊ ညအိပ်ရေးမဝရင် မနက်စော ထပြေးရ၊ စစ်ရေးပြနေပူထဲ လေ့ကျင့်ရနဲ့ ကျန်းမာရေးထိခိုက်မှာစိုးလို့ပါကွာ။ အိပ်တော့၊ အိပ်တော့"ဟု မိခင်က သားငယ်ကိုချော့သကဲ့သို့ ပြောခဲ့ကြပါသည်။ (စစ်ရေးပြတာဝန်ခံဖြစ်ခဲ့သူ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဗိုလ်မှူးကြီး လှမြင့်ကျော်တစ်ဦးသာ သက်ရှိထင်ရှားရှိပါတော့သည်။ နှစ်စဉ်နှစ်တိုင်း မိမိတို့ဗသက(၄၃) တပည့်များက ဆရာများကို ပူဇော်ကန်တော့မြဲထုံးစံ။ ယနေ့အထိ။ မမေ့မလျော့ ၅၅ နှစ်တိုင်လေပြီ။ ဆရာသမား ဦးလှမြင့်ကျော်နှင့် ဦးဝေလင်း။ ထိုစဉ်က ဗိုလ်ကြီးနှင့် ဗိုလ်အဆင့်၊ မိမိတို့ဗိုလ်လောင်း၏ လက်ဦးဆရာ၊ စစ်ပညာသင်ပြခဲ့သူများပါ။ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ထွန်း၏ သွန်သင်ဆုံးမ ဩဝါဒများဖြင့် မိမိတို့ **"ဦးလည်မသုန်"** တာဝန်ကျေစွာ စစ်မှုထမ်းနိုင်ခဲ့ကြပေသည်။

**ခြေလျင်၊ ခြေမြန်**

မိမိ၏မိခင်တပ်ရင်းမှာ ခုနစ်နှစ်နေခဲ့ပါသည်။ ခြေမြန်တပ်ရင်းတစ်ရင်းမှာ ငါးနှစ်နေခဲ့ပါ၏။ စစ်ဘက်ဆိုင်ရာ အတွေ့အကြုံများသည် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်၍ နိုင်ငံတကာဦးစီးတာဝန်သဘာဝအရ လျှို့ဝှက်အဆင့်လုံခြုံမှုများကို ကန့်သတ်၊ အတွင်းရေး စသည်ဖြင့် စစ်ဆေးသုံးသပ်အဆင့်ချပေးခဲ့ကြပြီဖြစ်သော်လည်း အခြေအနေအရ မဖော်ပြတော့ပါ။ တပ်မတော်ဗိုလ်ရွေးအဖွဲ့(ခုနစ်နှစ်)၊ တပ်မတော်၊ စစ်ဦးစီးတက္ကသိုလ်(ယခင်ဗထူး၊ ယခုကလော) ငါးနှစ်၊ မြဝတီစာပေတိုက် သုံးနှစ် စသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

ဗိုလ်မှူးကြီး သူရကျော်စွာ၊ ဗိုလ်မှူးကြီး မင်းဒင်၊ ဗိုလ်မှူးကြီး နေမျိုး စသောတပ်မှူးဆရာကောင်းသမားကောင်းများဆီမှ **စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်**နှင့် **စေတနာတရား** ဟူသောအရာများကို အမွေရခဲ့ပါသည်။

မိခင်ခြေလျင်တပ်ရင်းမှာ တာဝန်ကျစဉ်က တပ်ရင်းမှူး ဗိုလ်မှူးကြီး အေဘယ်၏ ထောက်လှမ်းရေးအရာရှိအဖြစ်(ဗိုလ်အဆင့်)အနီးကပ်ဆောင်ရွက်ရစဉ် ဆရာသမားကောင်းအနေဖြင့် နေ့နေ့ညည သင်ကြားပြသလမ်းညွှန်မှုကို ခံယူခဲ့ရပါသည်။ သူ၏ဆရာ ဗိုလ်မှူးကြီး လွန်းတင်၊ သူ၏ဆရာ တိုင်းမှူး၊ ဗိုလ်ချုပ်စန်းယု စသည်တို့၏ သူ့ကိုသင်ကြားခဲ့သောအချက်များ၊ အင်္ဂလန်ဆင်းဒ်ဟတ်စ် ဗိုလ်သင်တန်းကျောင်းမှာ သင်ယူလေ့ကျင့်ခဲ့ရသမျှကို ကိုယ့်ရင်သွေးသားသမီးကို အိပ်ရာဝင်ညစဉ် ပုံပြောသကဲ့သို့ မမောနိုင် မပန်းနိုင် မျှဝေပေးရှာပါ၏။ ကျေးဇူးအထူးကြီးမားပါဘိ။

**မြဝတီစာပေတိုက်**

မြဝတီစာပေတိုက်တွင် တာဝန်ခံ၊ အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်ရာတွင် စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးတာဝန်မှ စည်းရုံးရေးသဘောလုပ်ငန်းသဘာဝကွဲပြားခြားနားသွားပါတော့သည်။ ထိုစဉ်က ကက(ပြည်)ညွှန်မှူး ဗိုလ်မှူးချုပ်အောင်သိန်းလက်အောက်တွင် တာဝန်ထမ်းဆောင်ရသည်မှန်သော်လည်း မူလတာဝန်ယူနေခဲ့သည့် ပြန်ကြားရေးဒုတိယဝန်ကြီး ဦးသိန်းစိန်ထံမှ လွှဲပြောင်းလက်ခံယူခဲ့ပါသည်။

မြဝတီစာပေတိုက်၊ အမှုဆောင်အရာရှိချုပ်၊ စာတည်းမှူးချုပ်၊ ထုတ်ဝေသူဘဝတွင် ဒေါက်တာနိုင်ပန်းလှ၏ ရာဇာဓိရာဇ်အရေးတော်ပုံ၊ ဆရာညိုမြ၏ ကုန်းဘောင်ရှာပုံတော်၊ ဒေါက်တာမတင်ဝင်း၏ ဓာတိနဲ့အစဉ်အလာ၊ ဂျိမ်းစ်လှကျော်၏မောင်ရင်မောင်မမယ်မ၊ ချစ်နိုင်(စိတ်ပညာ)၏ ချစ်လို့ပြောတာမှတ်ပါ၊ ဒေါက်တာရဲနိုင်၏ အနောက်ကိုရွှေ့အရှေ့ကိုမျှော်၊ မစန္ဒာ၏ ဘဝအိပ်မက်ပန်းအိပ်မက်(အမျိုးသားစာပေဆုရခဲ့)စသည်ဖြင့် စာဖတ်ပရိသတ်ကြီးက အားပါးတရ၊ ဝမ်းသာအားရ ဝယ်ယူအားပေးကြသော စာအုပ်ပေါင်း ၆၀ ကျော်ကို အများတကာသိမြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဘယ်ကြောင့် ထူးခြားစွာ စာပေနယ်ပယ်တွင် အကျိုးကျေးဇူးအထူးရှိစေအောင် လုပ်ဆောင်နိုင်ရပါသနည်း။

နှစ်ပေါင်း ၃၀ ကြာပြီး သမင်လည်ပြန်ကြည့်၍ သုံးသပ်နိုင်သောအချိန်တွင် အောက်ပါနှစ်ချက် တွေ့မြင်ရပါ၏။

၁။ အမှုဆောင်အရာရှိချုပ်ဟူ၍ ဘဝင်မမြင့်ခဲ့ပေ။ အရာရှိဝန်ထမ်းများ၊ စာရေးဆရာများ၊ အယ်ဒီတာများ၊ စက်မှုဆိုင်ရာပညာရှင်များ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ဖြန့်ချိရေး၊ ငွေစာရင်း စသည့် ဌာနပေါင်းစုံမှ တာဝန်ခံများအားလုံးသို့ **"ကျွန်တော့်ကို သင်ပြပါ။ မသိတာမေးပါရစေ။ နောက်တစ်ချက် ကျွန်တော်မှားတာ တစ်ခုခုတွေ့ရမြင်ရရင် ပြင်ပါ။ ကျွန်တော်လိုက်နာပါမယ်"**ဟု တပည့်ခံ၍ အလုပ်လုပ်ခဲ့ပါသည်။ ကြိုးကြိုးစားစားသင်ယူမှတ်သားပါသည်။ လေးလေးစားစား သူတို့ပြင်ပေးသမျှ အမှားကင်းစင်အောင် လိုက်နာပြုပြင်ပါသည်။ မြဝတီစာပေတိုက်သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားသူချင်း၊ မိသားစုဘဝစည်းလုံးခဲ့ကြပါ၏။

၂။ နောက်တစ်ချက်မှာ မိမိက တပည့်အနေနှင့်သာနေ၍ ကျေးဇူးရှင်ဆရာသမားများ၊ မိမိထက် အသက်ရော၊ ပညာဝါ၊ လုပ်ငန်းဝါ၊ ကြီးရင့်သည့်ပုဂ္ဂိုလ်များကို **လစဉ်ဖိတ်ခေါ်၍ လစဉ်ဩဝါဒခံယူပါသည်။**

❖ မြင်းမိုရ်တောင်မက ကျေးဇူးကြီးမားလှသော ဆရာသမားများ၏ ဂုဏ်ပုဒ်ကိုဖော်ပြမည်ဆိုလျှင် မိမိဖော်ပြနိုင်သည်ကား ဆီးစေ့လောက်ပင်မရှိပါ။ သမုဒ္ဒရာအကြောင်းရေးမည်ဟု စဉ်းစားသောအခါ မိမိ၏ မျက်စိမြင်ကွင်းကား နွားခြေရာခွက်ထဲက ရေအိုင်လေးမျှသာဖြစ်ကြောင်း သိပါ၏။ သို့ရာတွင် နှမ်းစေ့တစ်စေ့မျှသာဖြစ်ပါစေ၊ စာရေးသူအား နှစ်ပေါင်း ၇၀ ကျော်မျှ၊ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ချစ်ခြင်းစေတနာကြီးမားစွာဖြင့် သင်ပြလမ်းညွှန်ပညာရစေခဲ့သည့် ဆရာတို့၏ကျေးဇူးဂုဏ်ကို လျှပ်တစ်ပြက်၊ စက္ကန့်အနည်းငယ်မျှဖြစ်စေ၊ တင်ပြပါရစေ။ ဆရာသမား၊ ဆရာများဟုဆိုသဖြင့် ဆရာမများကောမပါဘူးလားဟုဆိုလာသည်ရှိသော် ထိပ်ဆုံးမှပါပါသည်။ ❖

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



အကျိုးကျေးဇူးများစွာ ပေးစွမ်း တို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ
တယ်လို့ သုတေသနတစ်ခုမှာ လျှော့ကျလေဖြစ်ပါတယ်။
ဖော်ပြထားပါတယ်။ ဒ့ါအပြင် အဲဒီဟော်မုန်းက
လမ်းလျှောက်တဲ့ အခါမှာ ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး
အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော် ကို အထောက်အပံ့ဖြစ်စေတဲ့
မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် အပြင် ဒီမန်းရှားလို့ခေါ်တဲ့
လာပါတယ်။ အဲဒီဟော်မုန်းက မှတ်ဉာဏ်ချို့ယွင်း ရူးသွပ်ခြင်း
နာကျင်မှုဝေဒနာကို သက်သာ ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ
စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ
လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် ဟော်မုန်းထွက်ရှိလေ မိမိ လျှော့ချပေးနိုင်ပါတယ်။

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်း ၃၆၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်း ၃၆၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၃၆၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်းတစ်ဧကလျှင် ၂၁ ဒသမ ၃၉ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၃၆၁၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ပဲတီစိမ်း ၃၆၁၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ စိုက်ပျိုးချိန်မှာလဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျစီမံဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းပမာ

\- လှိုင်းဆိုတာ အမြင့်ရောက်လည်း
ဝင့်မောက်လို့ မာန်မဝင်၊
လောကခံ မရိုင်းစတမ်း
လှိုင်းလမ်းကိုနှင်၊
ကျောက်တောင်များ ဆီးလျှင်
ခရီးစဉ် မဖျက်လိုက်၊
ကျောက်တောင်ဆီ မဆိုင်းမဆုတ်
လှိုင်းပုတ်လို့ရိုက်။

\- လှိုင်းဆိုတာ နိမ့်သခိုက်လည်း
စိတ်မိုက်နဲ့ မသိမ်ငယ်၊
ယုံကြည်ရာ စိတ်ပိုင်းပြီး
လှိုင်းခရီးဆက်တယ်၊
ဂယက်ဝဲက စွဲအဖယ်
လွဲမယ်လို့ သူမတွေး၊
ဂယက်ယောင် ဆင်တဲ့ဝဲကို
ဝင်ရဲခဲ့သေး။

\- ရည်ရွယ်ရာ မဆိုင်းကြေးပေ့ါ
လှိုင်းအတွေးနဲ့ တို့တစ်တွေ၊
လောကခံ အနိမ့်မောက်မှာ
စိတ်မဖောက်သင့်ပေ၊
လှမ်းစမ်းပ့ါ အောင်မြေ
ရှောင်မသွေ ပြန်မလှည့်၊
ခက်ခဲစုံ ဝိုင်းပါလို့
တံတိုင်းကာဆီးလျက်လည်း
လှိုင်းပမာ မည်းမဖျက်
အိုကွယ်..
ခရီးဆက်ခဲ့။ ။

**လွမ်းလေးကို(သရက်)**

# သဲကုန်းမြို့နယ် မင်းပုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သဲကုန်း ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းပုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကြောင်းအရာကို မိတ်ဆက်ရှင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းပုန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၀ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ပြောပြ၍ သိရသည်။

**သုတ**

á **စာမျက်နှာ ၄ မှအဆက်**

လစဉ် ထုတ်သမျှ စာနယ်ဇင်း ကိုးမျိုး၊ ၁၀ မျိုးကို အစောဆုံး ပေးဝေပြီး သုံးသပ်ပြုပြင်ဝေဖန်စေပါသည်။ နာယူပြုပြင်ပြီး ပိုကောင်းအောင် အားထုတ်ခဲ့ပါသည်။ ပူဇော်ပါသည်။

အကြံပေးနာယကပုဂ္ဂိုလ်ကြီးများမှာ **ဒေါက်တာ ကျော်စိန် (ပါမောက္ခချုပ်/ငြိမ်း)၊ ဦးအုန်းဖေ(စိတ်ပညာ) (ကထိက/ငြိမ်း)၊ ဆရာကျော်အောင်၊ ဆရာ မောင်မြင့်ကြွယ်၊ ဆရာတက္ကသိုလ်လှကြွယ်၊ ဆရာကြီး ဦးလေးမြိုင်၊ ဆရာဌေးမောင်၊ ဆရာသမိန်သောင်း၊ ဗိုလ်ကြီးသောင်းဖေ(ငြိမ်း)** စသူတို့ဖြစ်ကြပါ၏။ လူ့အောက်ကျို့၍ လူမပိခဲ့ပါ။ ဆရာကောင်းတပည့် ပန်းကောင်းပန်ခွင့်ရခဲ့ပါလေသည်။ စုပေါင်းဦးနှောက်၏ အကြံဉာဏ်ကောင်းများ၏စွမ်းအား။

**ပြန်ကြားရေးတွင်**

အကြောင်းတိုက်ဆိုင်၍ တင်ပြရသော် မိမိပြန်ကြားရေးဝန်ကြီးဌာနသို့ (အရပ်ဘက်ပြောင်း၍) တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရသောအခါတွင် ဌာနတစ်ခု၏အကြီးအကဲတာဝန်ညွှန်ကြားရေးမှူးချုပ်(ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)သည် နောက်ဆုံးမှ ထူထောင်သည့် အသက်ဝါအနုဆုံးဌာနဖြစ်သော်လည်း ဦးစီးဌာနနှင့် ဌာနလုပ်ငန်းဟု အစီအစဉ်၌ ဒုတိယနေရာမှာ နေရာယူရပါသည်။ ထူးခြားချက်မှာ အခြားဌာနချုပ်များက ရန်ကုန်မှာသာ အလုပ်လုပ်နေကြသော်လည်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံအဝန်း မြို့တိုင်းမှာရုံးထား၍ ကျယ်ပြန့်လှပါသည်။ ဝန်ထမ်း၊ အရာထမ်းလည်း အများဆုံးဖြစ်ပေသည်။ ကြည့်လိုက်ပါ။ ၁၉၉၇ ခုနှစ်မှာ-

| | | |
|---|---|---|
| ထိုစဉ်က ဝန်ကြီးမှာ | ဦးမောင်သောင်း | (DSA(1)) |
| နောက် ဗိုလ်ချုပ်ကြည်အောင် | | |
| ဗိုလ်မှူးချုပ် ကျော်ဆန်း၊ | | |
| ဒုတိယဝန်ကြီးက ဦးသိန်းစိန်၊ ဗိုလ်မှူးချုပ်အောင်သိန်း၊ | | |
| ညွှန်ချုပ်များက | ဗိုလ်မှူးကြီးကြည်လွင် | (MRTV) |
| | မိမိ | (IPRD) |
| ဦးဆောင်ညွှန်ကြားရေးမှူး | ဦးသန်းမောင် | (PPE) |
| | ဦးတင်ခ | (NPE) |
| | ဦးတင်ဖေ | (MPE) |

အထက်ဖော်ပြပါ လူကြီးများထက် အသက်ဆယ်နှစ်လောက်ငယ်သော မိမိသည် အသက် ၄၉ နှစ်၊ ဌာနဆိုင်ရာအင်အား ၂၀၀၀ ကျော် မြို့တိုင်းသို့ ဖြန့်ခွဲဆောင်ရွက်နေကြရသည့်ဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့်ရောက်ရသည်။ ဘာမှမခက်ပါ။ အားလုံးချစ်အောင်၊ အားလုံးက သင်ကြားပြသချင်အောင် မေးမြန်းစူးစမ်းလျက် မိမိဌာနက ပြည်သူကိုအကောင်းဆုံးအကျိုးပြုနိုင်ရန် တက်ညီလက်ညီကြိုးစားခဲ့သည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဆန်း၊ ညွှန်မှူး သူရဦးဆွေဝင်း စသည့်လုပ်ဖော်ကိုင်ဖက်များ၏ စွမ်းအားပြည့်ပါဝင်စွမ်းဆောင်ခြင်းဖြင့် မိမိကို **စီမံထူးချွန် (ပထမဆင့်)တံဆိပ်** ၁၉၉၉ ခုနှစ်အတွက် **၂၀၀၀ ပြည့်နှစ်၊ လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ရက်တွင်** နိုင်ငံတော်က ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရဖူးပါ၏။

**နိဂုံး**

လောကကြီးသည်ကား နေရာများစွာတွင်ရှိနေကြသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှာ ရိုသေလေးစားစွာ သင်ယူမှတ်သားပါက အရာရာတွင် ချောချောမောမော အောင်အောင်မြင်မြင်ဖြစ်လေ့ရှိတတ်ပါတကား။ ကျေးဇူးကြီးမား ဆရာများကို လေးစားရိုသေလျက်ပါ။

# SCIENCE AND TECHNOLOGY

## Amazon Leo အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၂၉ စင်းကို United Launch Alliance ကုမ္ပဏီ လွှတ်တင်



ဝါရှင်တန် မေ ၅

Amazon ကုမ္ပဏီ၏ Amazon Leo အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ကွန်ရက်အတွက် ဂြိုဟ်တု ၂၉ စင်းကို အမေရိကန်နိုင်ငံအခြေစိုက် United Launch Alliance (ULA) ကုမ္ပဏီက မေ ၄ ရက်တွင် အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Amazon Leo ဂြိုဟ်တု ၂၉ စင်း သယ်ဆောင်ထားသည့် အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အက်တလပ်စ်-၅ ဒုံးပျံသည် သယ်ဆောင်ထားသည့် Amazon Leo ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ULA ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Amazon Leo ဂြိုဟ်တု ၂၉ စင်း၏ စုစုပေါင်းအလေးချိန်မှာ ၁၈ တန်ထိရှိရာ အက်တလပ်စ်-၅ ဒုံးပျံများ သယ်ဆောင်ခဲ့ဖူးသမျှထဲတွင် အလေးချိန် အများဆုံးဖြစ်သည်။

မေ ၄ ရက် Amazon Leo ဂြိုဟ်တုမစ်ရှင်သည် အက်တလပ်စ်-၅ ဒုံးပျံသစ်များ၏ ပဉ္စမ မြောက်မစ်ရှင်ဖြစ်သည်။

Amazon ကုမ္ပဏီသည် Amazon Leo ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၃၂၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားပြီး လက်ရှိအချိန်တွင် ဂြိုဟ်တု ၂၄၃ စင်း လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## Thiazide သွေးပေါင်ကျဆေးများကြောင့် သွေးအတွင်း ဆိုဒီယမ်ကျဆင်းမှုပြဿနာပေါ်လာနိုင်

စတော့ဟုမ်း မေ ၅

ကမ္ဘာတစ်ဝန်းရှိ လူနာသန်းပေါင်းများစွာကို သုံးစွဲနေကြသည့် Thiazide သွေးပေါင်ကျဆေးများကြောင့် သွေးအတွင်း ဆိုဒီယမ်ပါဝင်မှုအဆင့် ကျဆင်းမှုပြဿနာ ပေါ်လာနိုင်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

သွေးအတွင်း ဆိုဒီယမ်ကျဆင်းမှုပြဿနာ (Hyponatremia) ကြောင့် စိတ်ရှုပ်ထွေးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်းနှင့် အဆိုးဆုံးအဆင့် အတက်ရောဂါများ ဖြစ်ပွားတတ်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Thiazide အုပ်စုဝင် သွေးပေါင်ကျဆေးများကြောင့် သွေးအတွင်း ဆိုဒီယမ်ကျဆင်းမှု ပြဿနာ ပေါ်လာနိုင်ကြောင်း သိရသည်။

အထူးသဖြင့် Thiazide ဆေးများကြောင့် သွေးအတွင်း ဆိုဒီယမ် ကျဆင်းမှုပြဿနာကို သက်ကြီးပိုင်းအမျိုးသမီးများ ပို၍ခံစားရနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Thiazide ဆေးကြောင့် သွေးအတွင်း ဆိုဒီယမ်ကျဆင်းမှု ပြဿနာဖြစ်ပွားမှုကို သက်ငယ်ပိုင်းလူနာများ၌ မတွေ့ရသလောက်နည်းပါးကြောင်း ဆွီဒင်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၁၅၉၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO


## နာဆာ၏ အိုရီယွန်အာကာသယာဉ် ပင်မဒုံးအင်ဂျင်ကို ငါးမိနစ် စက္ကန့် ၅၀ ကြာဖွင့်၍ ကမ္ဘာပတ်လမ်းမှ အောင်မြင်စွာခွာထွက်ခဲ့

ဝါရှင်တန် မေ ၅

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အိုရီယွန်အာကာသယာဉ်သည် မေ ၄ ရက်တွင် ပင်မဒုံးအင်ဂျင်ကို ငါးမိနစ် စက္ကန့် ၅၀ ကြာဖွင့်၍ ကမ္ဘာပတ်လမ်းမှ အောင်မြင်စွာခွာထွက်ခဲ့ကြောင်း သိရသည်။

အိုရီယွန်အာကာသယာဉ် အနေဖြင့် မေ ၄ ရက်တွင် ပင်မဒုံးအင်ဂျင် ဒုံးကန်အားအကူအညီဖြင့် ကမ္ဘာ့ပတ်လမ်းမှ ခွာထွက်ခဲ့ပြီး လကမ္ဘာဆီသို့ ပျံသန်းရမည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားပြီဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အာကာသယာဉ်မှူး လေးဦး လိုက်ပါသွားသည့် အိုရီယွန်အာကာသယာဉ်ကို အာတီးမစ်-၂ မစ်ရှင်အရ SLS ဒုံးပျံဖြင့် မေ ၁ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



အိုရီယွန် အာကာသယာဉ်သည် မေ ၆ ရက်တွင် လကမ္ဘာကို အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ရာ အာကာသယာဉ်မှူးလေးဦး အနေဖြင့် လမျက်နှာပြင်ကို ခြောက်နာရီကြာမျှ လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အာတီးမစ်-၂ မစ်ရှင်သည် လကမ္ဘာပေါ်သို့ လူသားများ ပြန်လည် စေလွှတ်ရေးအစီအစဉ်၏ အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ၂၀၂၈ ခုနှစ်တွင် လမျက်နှာပြင်ပေါ်သို့ လူသားများစေလွှတ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ကင်ဆာဆဲလ်များအတွင်း ထိုးနှံပေးရသည့် ကာကွယ်ဆေးတစ်မျိုးက လူနာများ၏သက်တမ်းကို ဆန့်ထုတ်ပေးနိုင်

ပေကျင်း မေ ၅

ကင်ဆာဆဲလ်များအတွင်း တိုက်ရိုက် ထိုးနှံထည့်သွင်းပေးရသည့် ကာကွယ်ဆေးတစ်မျိုးသည် ကုသရန်ခက်ခဲသော ကင်ဆာရောဂါများခံစားနေရသူ လူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၄ ရက်တွင် ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးသည် ကင်ဆာဆဲလ်များကို ဖျက်ဆီးနိုင်ရေးအတွက် လူ့ခုခံအားစနစ်ကို အကူအညီပေးနိုင်ကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

iVAC အမည်ရှိ အဆိုပါကင်ဆာရောဂါကာကွယ်ဆေးကို တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

တရုတ် သုတေသနပညာရှင်များသည် iVAC ကာကွယ်ဆေးကို အဖုကြီးကင်ဆာရှိနေသည့် ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ ပေါ်ထွက်လာသည့်ရလဒ်အရ ၎င်းကာကွယ်ဆေးသည် အဖုကြီး ကင်ဆာဆဲလ်များကို ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါကာကွယ်ဆေးကို လူသားရင်သားကင်ဆာဆဲလ်များဖြင့် ဓာတ်ခွဲခန်း၌ စမ်းသပ်ခဲ့ရာ ရလဒ်တူညီမှုရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO




## ကမ္ဘာပေါ်၌ရှင်သန်ခဲ့ဖူးသော ကိုယ်ထည်ပျော့ သက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်း ၇၀၀ ခန့်ကို တရုတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိ

ပေကျင်း မေ ၅

လွန်ခဲ့သောနှစ်ပေါင်း သန်း ၅၀၀ ကျော်က ကမ္ဘာပေါ်၌ ရှင်သန်ခဲ့ဖူးသော ကိုယ်ထည်ပျော့သက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်း ၇၀၀ ခန့်ကို တရုတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိထားကြောင်း မေ ၄ ရက်သတင်းများအရ သိရသည်။

ပုံပန်းသဏ္ဌာန် ထူးခြားဆန်းကြယ်သည့် အဆိုပါကမ္ဘာဦးသက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ယူနန်ပြည်နယ်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကမ္ဘာဦးသက်ရှိများသည် လွန်ခဲ့သော နှစ်ပေါင်း ၅၄၆ သန်းနှင့် ၅၃၉ သန်းကြား အက်ဒီရာကာရန် ဘူမိခေတ် အတွင်း ကမ္ဘာ့သမုဒ္ဒရာရေပြင်များ၌ ရှင်သန်ခဲ့ကြသည့် သက်ရှိများ ဖြစ်ကြသည်။

အဆိုပါသက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ ကမ္ဘာဦး သမုဒ္ဒရာရေပြင်များအတွင်း သက်ရှိများပေါ်ထွက်ချိန်သည် မူလတွေးထင်ထားသည်ထက် နှစ်ပေါင်း သန်း ၂၀ ခန့် ပိုစောနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဦး ပင်လယ်သမုဒ္ဒရာများအတွင်း သက်ရှိများပေါ်ထွက်ချိန်သည် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၅၇၀ ခန့်ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယခင်က ယူဆထားကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ရသော အက်ဒီရာကာရန် ဘူမိခေတ် သက်ရှိများထဲတွင် လူသားအပါအဝင် ကျောရိုးရှိသတ္တဝါများဆင့်ကဲပေါ်ထွက်လာရာ မူလသက်ရှိများလည်း ပါဝင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# ဥပဒေနှင့်အညီပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သောပြည်သူ့ကိုယ်စားလှယ်တို့၏ ဆန္ဒအမှန်




**Myanmar junta chief Min Aung Hlaing elected president by pro-military parliament**

Myanmar junta chief Min Aung Hlaing was elected president on Friday (Apr 3) after breezing through a parliamentary vote, formalising his grip on political power in the war-torn nation five years after he ousted an elected government in a coup.

His carefully choreographed journey from top general to civilian president follows a lopsided election in December and January that was won in a landslide by an army-backed party and derided by critics and Western governments as a sham to perpetuate military rule behind a veneer of democracy.

ဧပြီ ၃ ရက်မှာ ပြည်ပအခြေစိုက်သတင်းဌာန တစ်ခုဖြစ်တဲ့ CNA သတင်းဌာနက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနဲ့ ပတ်သက်ပြီး အရှိတရားကို မျက်ကွယ်ပြုကာ "မြန်မာ စစ်ခေါင်းဆောင် ဦးမင်းအောင်လှိုင်အား စစ်တပ်လိုလားသောလွှတ်တော်က သမ္မတအဖြစ်ရွေးချယ်တင်မြှောက်" (Myanmar junta chief Min Aung Hlaing elected president by pro–military par–liament)ဆိုတဲ့ ခေါင်းစဉ်နဲ့ "၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အရပ်သားအစိုးရထံမှ အာဏာသိမ်းယူခဲ့ကြောင်း၊ ၂၀၂၅ ရွေးကောက်ပွဲသည် အဓိက အတိုက်အခံအင်အားစုများပါဝင်ခွင့်မရဘဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထိုရွေးကောက်ပွဲကို "တရားမျှတမှုမရှိသောပြပွဲ" အဖြစ် ဝေဖန်ရှုတ်ချလျက်ရှိကြောင်း၊ အင်အားကြီးမားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်တပ်မှ ခန့်အပ်ထားသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းကာ ဦးမင်းအောင်လှိုင်ကို ထောက်ခံခဲ့ကြတာကြောင့် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း"စသည်ဖြင့် မဟုတ်မမှန်ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး အများပြည်သူတွေ အမြင်မလွဲမှားစေဖို့ အနည်းငယ်ရှင်းပြချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ NLD ပါတီဟာ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းနဲ့ အတင်းအဓမ္မရယူဖို့အတွက် မဲ ၁၁ သန်းကျော်ခိုးခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို မဲခိုးခဲ့တာကြောင့် တပ်မတော်ကနေ အများကြီး စဉ်းစားတွေးတောပြီး သဘောထားကြီးစွာဖြင့် မဲစာရင်းမှားယွင်းမှုတွေကို ပွင့်လင်းမြင်သာစွာ စစ်ဆေးပေးဖို့၊ စစ်ဆေးတဲ့အခါ အစိုးရ၊ တပ်မတော် ညှိနှိုင်းပြီး သမာသမတ်ကျတဲ့လူတွေပါတဲ့ ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့ပြီး စစ်ဆေးပေးဖို့၊ စစ်ဆေးနေချိန်ကာလအတွင်း တတိယအကြိမ် လွှတ်တော်ခေါ်ယူမှုကို သမ္မတရဲ့အခွင့်အာဏာနဲ့ ဆိုင်းငံ့ပေးဖို့ စတဲ့အချက်တွေကို ဒေါ်စုနဲ့သွားတွေ့ပြီး ပြောခဲ့တယ်။ ဒါတွေကို NLD အစိုးရဘက်က ဘာတစ်ခုမှ လိုက်လျောမှုမရှိခဲ့တဲ့အတွက် ဘယ်လိုမှ ညှိနှိုင်းလို့မရတော့တဲ့အခြေအနေမျိုးမှာ တပ်မတော်က နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ၍ အရေးပေါ်အခြေအနေနဲ့ ထိန်းသိမ်းခဲ့ရတာပဲဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကိုထိန်းခဲ့ပေမယ့်လဲ NLD ပါတီကို ဖျက်သိမ်းတာမျိုးမရှိခဲ့ပါဘူး။ နစကအစိုးရဖွဲ့စည်းပြီးချိန်မှာလဲ ပြည်သူတွေလိုလားတောင့်တနေတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ဖို့ကိုလဲ နစကအစိုးရကနေ ပြန်လည်ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံရေးပါတီများအားလုံးပါဝင်ကြဖို့ တရားဝင်ဖိတ်ခေါ်ခဲ့ပါတယ်။ ဒ့ါပြင် ရွေးကောက်ပွဲမကျင်းပခင် အကြိုကာလကတည်းက နိုင်ငံရေးပါတီတွေ အချိန်မီမှတ်ပုံတင်ကြဖို့၊ နိုင်ငံရေးပါတီတွေ ဆောင်ရန်၊ ရှောင်ရန်၊ လုပ်ဆောင်ရန်တွေကို လိုက်နာကြဖို့ အကြိမ်ကြိမ်ထုတ်ပြန်ကြေညာခဲ့တယ်။ ဒါကို NLD ပါတီကြီးက ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ပါတီမှတ်ပုံတင်ခွင့်ဥပဒေအရ မှတ်ပုံမတင်ခဲ့လို့၊ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ခဲ့လို့၊ သူတို့သဘောနဲ့သူတို့ ပါတီမှတ်ပုံမတင်ခဲ့တာကြောင့် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်မရတော့ဘဲ နိုင်ငံရေးလောကကနေ NLD ပါတီ ပျောက်ကွယ်သွားခဲ့ရတာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့ NLD ပါတီကိုယ်တိုင်က ပါတီကို ဖျက်ပစ်ခဲ့ကြတာပါ။

ပြီးတော့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြည်တွင်းမှာကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ NLD ပါတီကို ဥပဒေကြောင်းအရ ပြန်လည်မှတ်ပုံတင်တာပဲဖြစ်ဖြစ်၊ ပါတီကို တခြားနာမည်တစ်ခုခုနဲ့ မှတ်ပုံတင်တာပဲဖြစ်ဖြစ်လုပ်ဆောင်ပြီး ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ ကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ တိုင်းသိပြည်သိဖြစ်ခဲ့တဲ့ NLD ပါတီရဲ့ မဲလိမ်မဲခိုးခဲ့မှုတွေကြောင့် သူတို့ကိုယ်သူတို့ အရှက်ရပြီး ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပါတီကိုပြန်လည်မှတ်ပုံမတင်ခဲ့ကြလို့သာ ရွေးကောက်ပွဲ ဝင်ရောက်မယှဉ်ပြိုင်နိုင်ခဲ့တာပဲဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကိုထိန်းသိမ်းပြီးနောက် ပြည်သူတွေ လိုလားတောင့်တနေတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း သုံးပိုင်းခွဲပြီး Myanmar Electronic Voting Machine–MEVM မဲပေးစက်များဖြင့် အပိုင်းလိုက်ကျင်းပခဲ့ပါတယ်။ ကျင်းပပြီးစီးခဲ့ပြီဖြစ်တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းသုံးပိုင်းလုံးမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိတဲ့အနက် မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့ပြီး မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိခဲ့တယ်လို့သိရပါတယ်။ ဒီအရေအတွက်ဟာ အလွန်များပြားတဲ့ ပမာဏဖြစ်တာကြောင့် အောင်မြင်တဲ့ရွေးကောက်ပွဲလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဟာ ပြည်သူတွေရဲ့ဆန္ဒတွေနဲ့ တစ်ထပ်တည်းကျခဲ့တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ခဲ့သလို မဲဆန္ဒရှင်ပြည်သူတွေဟာလဲ စိတ်အားထက်သန်စွာ တက်တက်ကြွကြွနဲ့ သူတို့ကြိုက်တဲ့ပါတီ၊ သူတို့ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို သူတို့ရဲ့ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့ကြပါတယ်။

၂၀၂၅ ရွေးကောက်ပွဲဟာ Free , Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ဂုဏ်ယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲ အပိုင်း(၁) စတင်ကျင်းပခဲ့တဲ့နေ့ကနေ ရွေးကောက်ပွဲ အပိုင်း(၃)ပြီးဆုံးသည်အထိ နိုင်ငံတကာမှ လာရောက်လေ့လာစောင့်ကြည့်ခဲ့ကြတဲ့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့အသီးသီးတို့ကလဲ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့ သဘောထားမှတ်ချက်တွေပေးခဲ့ကြတာကိုလဲ တွေ့ရပါတယ်။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့တဲ့ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E.Mr YICH Samethy က "စောင့်ကြည့်လေ့လာခဲ့တဲ့ ကာလအတွင်းမှာ ဘယ်လိုမသမာမှုမျိုးမှ မတွေ့ရကြောင်းနဲ့ အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ရကြောင်း"မှတ်ချက်ပြု ပြောကြားခဲ့ပါတယ်။

အလားတူ တရုတ်နိုင်ငံကလဲ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူများ စေလွှတ်ခဲ့ကြောင်း၊ အောင်မြင်ပြီး လွတ်လပ်တရားမျှတတဲ့ သန့်ရှင်းတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူတွေ တက်တက်ကြွကြွလာရောက်မဲပေးကြကြောင်း၊ ရွေးကောက်ပွဲကို ထောက်ခံကြောင်း၊ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူကြောင်းပြောကြားခဲ့ပါသေးတယ်။ ဒ့ါပြင် ရွေးကောက်ပွဲကို လာရောက်လေ့လာစောင့်ကြည့်ခဲ့တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌကလဲ "ရွေးကောက်ပွဲမှာ ပြည်သူတွေက စိတ်အားထက်သန်စွာဆန္ဒမဲပေးကြပြီး နိုင်ငံရဲ့အနာဂတ်ကို ရွေးချယ်နေကြကြောင်း၊ MEVM မဲပေးစက်တွေဟာ မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိကြောင်း၊ မြန်မာနိုင်ငံက ပြည်သူတွေရွေးကောက်ပွဲအပေါ်မှာ ပြင်းပြတဲ့ဆန္ဒထားရှိမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း" သဘောထားမှတ်ချက်ပေးခဲ့ပါသေးတယ်။ ၂၀၂၅ ရွေးကောက်ပွဲဟာ Free , Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ရွေးကောက်ပွဲဖြစ်ခဲ့တာကြောင့်သာ နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခဲ့သူတွေက အခုလို အားလုံးတစ်ပြေးညီ ကောင်းမွန်တဲ့မှတ်ချက်တွေ ပေးခဲ့ကြတာဖြစ်ပါတယ်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးချိန် လွှတ်တော်ခေါ်ပြီး သမ္မတရွေးချယ်တဲ့အခါမှာလဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကို ရွေးချယ်ရာမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့သုံးခုက သမ္မတလောင်းများကို အသီးသီးအဆိုပြုတင်မြှောက်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ပြည်ပသတင်းဌာနတစ်ခုဖြစ်တဲ့ CNA စွပ်စွဲသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းကာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို မဲအပြတ်အသတ်ပေးခဲ့ခြင်းမဟုတ်ကြောင်း မဲရလဒ်များကိုကြည့်လျှင် သိသာလှပါတယ်။

ဧပြီ ၃ ရက် မနက်ပိုင်းကကျင်းပခဲ့တဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၅၈၆ ဦးရှိတဲ့အနက် ၅၈၄ ဦး တက်ရောက်ခဲ့ကြပြီး လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါတယ်။ အဲဒီလို ရွေးချယ်ခဲ့ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံတော်သမ္မတလောင်း ဦးညိုစောကို ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးကို ထောက်ခံမဲ ၂၉ မဲဖြင့် အသီးသီးရွေးချယ်ခဲ့ကြပြီး ထောက်ခံမဲအများဆုံးရရှိခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင်ဖြစ်ပါတယ်။ နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင် ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့ လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတဲ့အပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဆွေနိုင်ငံများမှ ခေါင်းဆောင်များကလဲ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသလို ပြည်တွင်းရှိ အသင်း၊ အဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံရေးပါတီများကလဲ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိကြပါတယ်။

ပြောရမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်းသည် ဥပဒေကြောင်းအရ ခိုင်မာသလို၊ ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းဆန္ဒလဲဖြစ်ပါတယ်။ ဒ့ါကြောင့် CNA ကဲ့သို့သော ပြည်ပသတင်းဌာနတစ်ခုရဲ့ စွပ်စွဲရေးသားဖော်ပြချက်များသည် အထောက်အထားမဲ့ မှန်ကန်မှုမရှိဘဲ လုံးဝ(လုံးဝ) မှားယွင်းနေပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။

**နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင် ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသောခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာဖြစ်ပါတယ် . . .**

ထူးမောင်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အူလန်အူဒဲမြို့၊ ၄-၄-၂၀၂၆

သို့

အဆွေတော် မစ္စတာ မင်းအောင်လှိုင်
သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

လေးစားအပ်ပါသောသမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘူရားတီးရားပြည်နယ် အစိုးရအဖွဲ့နှင့်အတူ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ ထူးချွန်ပြောင်မြောက်သော စီမံခန့်ခွဲမှုစွမ်းရည်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းအားထုတ်မှုများအပြင် ဗုဒ္ဓဘာသာနှင့် အခြားသောဘာသာတရား ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာပြည်သူလူထု၏ မြင့်မားသော ယုံကြည်ကိုးစားမှုနှင့် ထောက်ခံမှုကို ရရှိစေခဲ့ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တို့အကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို မိမိတို့အနေဖြင့် အစဉ်တစိုက် တန်ဖိုးထားလျက်ရှိပါသည်။ နေပြည်တော်နှင့် အူလန်အူဒဲမြို့များ၌ ကျင်းပခဲ့သည့် မိမိတို့၏ တွေ့ဆုံဆွေးနွေးပွဲများအရ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့အတွက် အထူးအရေးပါသောကိစ္စရပ်ဖြစ်ပါသည်။ ဘူရားတီးရားပြည်နယ်တက္ကသိုလ်တွင် မြန်မာကျောင်းသားများ ပညာသင်ကြားနေခြင်းသည် မိမိတို့၏ အောင်မြင်သောပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသောပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကဏ္ဍစုံတွင် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှေ့ဆက်ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်၏ အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ရည်မှန်းချက်များအားလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ခွန်အားများ ပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့၏ စုပေါင်းဆောင်ရွက်မှုများသည် ဘူရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု အပြည့်အဝ ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်အမြဲလေးစားစွာဖြင့်။

အေ.အက်စ်. စီဂျယ်နော့ဗ်
ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးမင်းအောင်လှိုင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

ညီရင်းအစ်ကိုပမာဖြစ်သော မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြီးမားသောတာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း အဆွေတော်အား ဒါရီယို (Dario) နှင့် ဆန်ဒီနို (Sandino) မြေမှ မိမိတို့က ဆုမွန်ကောင်းပို့သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အနေဖြင့် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားမည့်ကတိကဝတ်ကို အတည်ပြုပါသည်။ ထို့ပြင် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်
မာနာဂွါမြို့၊ နီကာရာဂွါနိုင်ငံ

အမျိုးသားလွှတ်တော်
ဥက္ကဋ္ဌ

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Sihasak Phuangketkeow မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

သို့

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတ
နေပြည်တော်

ရက်စွဲ၊ ၃-၄-၂၀၂၆။
စာအမှတ်၊ ၁၃၀၃/၇၇၀

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

၁။ အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ကျွန်ုပ်၏ လှိုက်လှဲစွာဂုဏ်ပြုကြောင်း သဝဏ်လွှာကို ပေးပို့ခွင့်ရခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ကျွမ်းကျင်သော ဦးဆောင်မှုနှင့် နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ထိုင်း-မြန်မာ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ကဏ္ဍအားလုံးတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

၂။ ကျွန်ုပ်အနေဖြင့် အဆွေတော်၏ သမ္မတရာထူးအပ်နှင်းပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ရန် အလွန်ပင်ဆန္ဒရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉-၁၀ ရက်များတွင် ထိုင်းဘုရင်မင်းမြတ်အစိုးရမှ လွှတ်တော်သို့ တင်သွင်းမည့် မူဝါဒရေးရာ တင်ပြချက်များရှိနေပြီး အစိုးရအဖွဲ့ဝင်အားလုံး တက်ရောက်ရန် လိုအပ်နေပါသဖြင့် အဆွေတော်၏ အခမ်းအနားသို့ ဆန္ဒရှိသည့်အတိုင်း မတက်ရောက်နိုင်တော့သည်ကို လွန်စွာစိတ်မကောင်း ဖြစ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤသို့ မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသော ထူးမြတ်သည့်အခါသမယတွင် ထိုင်းနိုင်ငံကိုယ်စား တက်ရောက်ရန်နှင့် အဆွေတော်ထံသို့ ကျွန်ုပ်၏ ဆုမွန်ကောင်းများနှင့် ဂုဏ်ပြုစကားများကို ကိုယ်တိုင်ကိုယ်ကျ ပြောကြားပေးရန်အတွက် ထိုင်းနိုင်ငံ၏ ထင်ရှားသော ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖြစ်သူ H.E. Dr. Parnpree Bahiddha-Nukara ကို လွှဲအပ်တာဝန်ပေးလိုက်ပါသည်။

၃။ ကျွန်ုပ်တို့၏ နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်အတွက် အကောင်းမြင် မျှော်လင့်ထားပြီး ထိုင်း- မြန်မာ ဆက်ဆံရေး၏ အခန်းကဏ္ဍသစ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာအစိုးရသစ်နှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန် အလွန်မျှော်လင့်နေပါသည်။ ထိုင်းနိုင်ငံသည် သူငယ်ချင်းကောင်းနှင့် မိတ်ဖက်ကောင်းအဖြစ် ရပ်တည်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် မြန်မာအစိုးရသစ်၏ ကြိုးပမ်းမှုများကို ကူညီပံ့ပိုးပေးရန် အသင့်ရှိနေပါသည်။ နေပြည်တော်၌ အဆွေတော်အား ဂါရဝပြုတွေ့ဆုံရန်နှင့် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများကို မကြာမီ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း မျှော်လင့်ပါသည်။

၄။ အဆွေတော်အပေါ် ထားရှိသည့် ကျွန်ုပ်၏ အထူးလေးစားမှုကို လက်ခံရယူပါရန် အလေးအနက် တောင်းဆိုအပ်ပါသည်။

Sihasak Phuangketkeow
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး
ထိုင်းနိုင်ငံ

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံ၏ အဆင့်မြင့် Type 055 ဖျက်သင်္ဘော အန်းချန်း ပထမဆုံးအကြိမ် ကျည်စစ်ကျည်မှန်ဖြင့် ပစ်ခတ်လေ့ကျင့်



တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ရေတပ်) သည် ၎င်းတို့၏ အဆင့်မြင့်ဆုံး Type 055 ပုံထိန်းဒုံးကျည်တပ် ဖျက်သင်္ဘော အန်းချန်း (Anqing) ကို အရှေ့တရုတ်ပင်လယ်ပြင် အတွင်း ပထမဆုံးအကြိမ် ကျည်စစ်ကျည်မှန်ဖြင့် ပစ်ခတ် လေ့ကျင့်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်အစိုးရပိုင်မီဒီယာများမှ ၂၀၂၆ ခုနှစ်၊ ဧပြီ ၁ ရက်တွင် ထုတ်ပြန်သည့် ရုပ်သံမှတ်တမ်းများအရ အဆိုပါ စစ်သင်္ဘောသည် ရှုပ်ထွေးသော အီလက်ထရွန်နစ်စစ်ဆင်ရေး အခြေအနေများ အောက်တွင် အခြားစစ်သင်္ဘောများနှင့်အတူ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ဤလေ့ကျင့်မှုတွင် ခေတ်သစ် ရေတပ်စစ်ဆင်ရေး၏ အဓိကအစိတ်အပိုင်းများဖြစ်သော ပစ်ခတ်မှုထိန်းချုပ်မှုစနစ် (Fire-control) ပြုပြင်ခြင်း၊ ကြိုတင်သတိပေးစနစ် (Early warning) နှင့် တိုက်ခိုက်ရေးစနစ်များ အပြန်အလှန်ပေါင်းစပ်ချိတ်ဆက်ခြင်း (System integration) တို့ကို အဓိကထား လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ စစ်ရေးလေ့ကျင့်ခန်းသည် အလွန်အရေးကြီးသော အချက်တစ်ချက်ကို ဖော်ပြနေသည်။ ၎င်းမှာ အန်းချန်း ဖျက်သင်္ဘော၏ ပထမဆုံးသော လေ့ကျင့်ရေးကာလမှာပင် ခေတ်သစ်ရေတပ် စုပေါင်းစစ်ဆင်ရေး (Fleet combat) ၏ အခြေခံအကျဆုံး အချက်များဖြစ်သော ရန်သူ့ပစ်မှတ်ကို ကြိုတင်ထောက်လှမ်းနိုင်ခြင်း၊ ဖိအားပေးခံရသည့် အခြေအနေအောက်တွင် ပစ်ခတ်မှုထိန်းချုပ်မှုစနစ်ကို တည်ငြိမ်စွာ ကိုင်တွယ်နိုင်ခြင်းနှင့် စက်ပစ္စည်းအသစ်များ၊ တပ်ဖွဲ့ဝင်အသစ်များကို စစ်ဒေသအဆင့် တိုက်ခိုက်ရေးစနစ်အတွင်းသို့ အချိတ်အဆက်မိမိ ပေါင်းစပ်နိုင်ခြင်းတို့ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သက်သေပြနေခြင်းပင်ဖြစ်သည်။

ပထမဆုံးအကြိမ် ကျည်စစ်ကျည်မှန်ဖြင့် လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ အစီအစဉ်တကျ ပြုလုပ်ထားသည့် ပြကွက်တစ်ခုကို ပြသရန်မဟုတ်ဘဲ လက်တွေ့စစ်မြေပြင် အခြေအနေများအောက်တွင် သင်္ဘော၏ တိုက်ပွဲလုပ်ငန်းစနစ် မည်မျှအလုပ်လုပ်သလဲ ဆိုသည်ကို စစ်ဆေးရန်ဖြစ်သည်။ အန်းချန်း ဖျက်သင်္ဘော၏ အခြေအနေတွင် ပစ်ခတ်မှုလွှဲချော်မှုကို လျင်မြန်စွာ ပြုပြင်နိုင်ခြင်းအပေါ် အလေးပေးဖော်ပြခြင်းမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ရေတပ်) အနေဖြင့် ၎င်းတို့၏ စက်ပစ္စည်းများအပေါ် ယုံကြည်မှုရှိရုံသာမက တပ်ဖွဲ့ဝင်များ၏ ကျွမ်းကျင်မှုအပေါ်တွင်လည်း အပြည့်အဝ ယုံကြည်မှုရှိကြောင်းပြသလိုက်ခြင်းပင်ဖြစ်သည်။

Type 055 အမျိုးအစား ဖျက်သင်္ဘောများသည် ၎င်းတို့၏ ကျယ်ပြန့်လှသော တိုက်ခိုက်ရေး စနစ်ကြောင့် စစ်ဗျူဟာအရ အလွန်အရေးပါသောနေရာတွင် ရှိနေသည်။ ဤသင်္ဘောအမျိုးအစားသည် အလျား ၁၈၀ မီတာခန့်၊ အနံ ၂၀ မီတာခန့်ရှိပြီး အပြည့်အဝ ဝန်တင်ဆောင်ထားချိန်တွင် တန်ချိန် ၁၂၀၀၀ မှ ၁၃၀၀၀ ခန့်ထိရှိသည်။

လက်တွေ့ကျကျပြောရလျှင် Type 055 သည် သင်္ဘောတစ်စင်းတည်း တိုက်ပွဲဝင်ရန်အတွက် သာမကဘဲ ပိုမိုကြီးမားသော ရေတပ်တိုက်ခိုက်ရေးအုပ်စု (Task group) တစ်ခုလုံး၏ အဓိကလေကြောင်းရန်ကာကွယ်ရေးနှင့် စစ်ဆင်ရေးကွပ်ကဲမှု ဗဟိုချက် (Command node) အဖြစ် လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

**China Tests New Type 055 Destroyer Anqing in First Combat-Style Live-Fire Exercise Near Taiwan.** ကို ဘာသာပြန်ဆိုထားပါသည်။

## ဗြိတိန်နိုင်ငံကုမ္ပဏီထုတ် TigerShark တာဝေးတိုက်ခိုက်ရေးဒရုန်း ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပျံသန်းခဲ့

ဗြိတိန်နိုင်ငံအခြေစိုက် MGI Engineering ကုမ္ပဏီသည် ၎င်းတို့၏ TigerShark အမည်ရှိ တာဝေးပျံသန်း စစ်ဆင်နိုင်မည့် တိုက်ခိုက်ရေးဒရုန်း (Deep-strike platform) ကို ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခု စမ်းသပ်ပျံသန်းမှုကြောင့် ဤဒရုန်းစီမံကိန်းသည် သုတေသနအဆင့်မှ လက်တွေ့စမ်းသပ်မှု အဆင့်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ကာ ပြင်းထန်သော စစ်ပွဲပတ်ဝန်းကျင်များ၌ တာဝေးစစ်ဆင်ရေးများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ MGI ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ TigerShark ဒရုန်းသည် တစ်နာရီလျှင် ၇၅၀ ကီလိုမီတာနှုန်းဖြင့် ပျံသန်းနိုင်ပြီး၊ အလေးချိန် ၃၀၀ ကီလိုဂရမ်ရှိသော လက်နက်ခဲယမ်းများကို တင်ဆောင်ကာ ကီလိုမီတာ ၁၀၀၀ ကျော် အကွာအဝေးရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

ဤဒရုန်း၏ ထူးခြားသော အားသာချက်တစ်ခုမှာ ဂြိုဟ်တုလမ်းညွှန်စနစ် (GNSS) မရှိနိုင်သော ပတ်ဝန်းကျင်များတွင်ပါ ပုံမှန်အတိုင်း ပျံသန်းနိုင်စွမ်းရှိခြင်းဖြစ်သည်။ ထို့ကြောင့် ရန်သူက ဂြိုဟ်တုလှိုင်းများကို နှောင့်ယှက်ခြင်း (Jamming) သို့မဟုတ် GPS စနစ်များ အသုံးမပြုနိုင်အောင် ပြုလုပ်ထားသော်လည်း ၎င်း၏ စစ်ဆင်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

MGI ကုမ္ပဏီသည် ဤဒရုန်းစနစ်ကို အလိုအလျောက် မောင်းနှင်မှုဆိုင်ရာ ဆော့ဖ်ဝဲလ်ကုမ္ပဏီဖြစ်သည့် Auterion နှင့် ပူးပေါင်း၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် လေယာဉ်ကိုယ်ထည်နှင့်အတူ ဆော့ဖ်ဝဲလ်ဖြင့် ထိန်းချုပ်နိုင်သော Open architecture ကို အသုံးပြုထားသဖြင့် လိုအပ်သည့်အချိန်တွင် စနစ်များကို လျင်မြန်စွာ အဆင့်မြှင့်တင်နိုင်ခြင်းနှင့် စစ်ဆင်ရေးအမျိုးအစားအလိုက် ပြန်လည်ပြင်ဆင်နိုင်ခြင်း (Reconfiguration) တို့ကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။




TigerShark ဒရုန်းစနစ်ကို ရှေ့တန်းစစ်မျက်နှာပြင်၏ အလွန်အမင်း ဝေးကွာသောနေရာများရှိ ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်ရန် တာဝေးတိုက်ခိုက်ရေးစနစ်အဖြစ် အဓိကရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ် သည်။ ၎င်း၏ စစ်မဟာဗျူဟာမြောက် စွမ်းဆောင်ရည်များအရ ရန်သူ့ကွပ်ကဲမှု ဌာနချုပ်များ၊ ထောက်ပံ့ပို့ဆောင်ရေး ဗဟိုချက်များနှင့် လေကြောင်းရန် ကာကွယ်ရေးစခန်းများကဲ့သို့သော အချက်အချာကျသည့် နေရာများကို တိကျစွာပစ်မှတ်ထား တိုက်ခိုက်နိုင်သည့်အပြင်၊ အခြားအရေးကြီးသည့် အခြေခံ အဆောက်အအုံများကိုပါ အဝေးမှနေ၍ ချေမှုန်းနိုင်စွမ်းရှိသောကြောင့် ခေတ်သစ် စစ်ဆင်ရေးများတွင် အလွန်အစွမ်းထက်သည့် လက်နက်စနစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဥရောပတစ်လွှား၌ GPS နှောင့်ယှက်မှုများကို ကြုံကြိုက်ခံနိုင်ပြီး ရေရှည်ရှင်သန်နိုင်စွမ်းရှိသော တာဝေးစစ်ဆင်ရေးစနစ်များကို လိုလားနေချိန်တွင် TigerShark တိုက်ခိုက်ရေးဒရုန်း ပေါ်ထွက်လာခြင်းမှာ စစ်ဘက်ခေတ်မီအောင် ဆောင်ရွက်မှုများအတွက် အလွန်အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

**UK firm tests TigerShark deep-strike drone** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# Ceremony to present honorary gifts of the President-elect held



Senior General Min Aung Hlaing addresses the ceremony to present honorary gifts of the President-elect.

**Nay Pyi Taw April 5**

A ceremony to present honorary gifts of the President-elect took place at the Thabin Hall of National Defence and Security Council Office this morning, addressed by the elected President Chairman of the State Security and Peace Commission Senior General Min Aung Hlaing, who gave away the gifts.

Also present were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC Secretary Commander-in-Chief of Defence Services General Ye Win Oo,SSPC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers and deputy minister level officials. Region/state chief ministers took part in the meeting through video conferencing.

In his address, the President-elect stated that it is a matter of fact and common knowledge that the Tatmadaw was compelled to assume State duties in accordance with the Constitution, following electoral fraud committed during the 2020 multiparty democracy general election by the winning party—the government at the time—in an attempt to seize State power by force.

Consequently, the Tatmadaw declared a State of Emergency as per the Constitution, fulfilling State duties amidst numerous challenges and hardships. During the global COVID-19 pandemic, mindless disturbances fueled by subversive acts erupted across the nation. True to the saying, **"to fish in troubled waters,"** certain inherently deceitful EAOs fanned the flames of unrest, pushing the government and the people into deeper poverty and hardship.

Furthermore, the country was struck by successive natural disasters, including Cyclone Mocha, Typhoon Yagi, and a massive Mandalay earthquake. These disturbances, terrorist acts, and natural calamities resulted in loss of life and widespread destruction, stalling the country's early-stage progress and causing large-scale infrastructural damage.

These hardships and disasters led to an economic downturn alongside various other challenges. In response, the government exerted strenuous efforts to lay the foundations for national peace, stability, the rule of law, rehabilitation, and economic recovery. Thanks to those who rendered selfless and courageous service and those who remained dutiful and loyal to the State and the people, the country has reached its current stage of stability and progress. The President expressed his gratitude and declared that all those who collaborated with the State and acted bravely despite the dangers are duly honored and placed on record at this ceremony.

He stated that in carrying out these efforts, the leadership of the government is important, and the cooperation of the people is also key. He noted that achieving the objectives and goals set for each region and sector at both the national and regional or state levels is not an easy task. He added that performing these duties—which are not easy even in normal times—amidst various difficulties like the current ones is even more challenging and arduous. He emphasized that success could not have been achieved, nor could the current situation have been achieved, with an ordinary spirit or a mere perfunctory performance of duties.

Then, he stated that as everyone knows, leadership is central to any undertaking, and the responsibility of the heads who lead and implement these tasks is extremely important. He noted that he will always remember all his colleagues in attendance who, during his tenure, carried out the established objectives, goals, and national duties alongside him with belief, diligence, and genuine goodwill. He added that he wishes to express his deep respect, pride, and heartfelt appreciation for their contributions.

Also, he stated that he had previously mentioned the importance of leadership in every area. He noted with regret that during the five-year term of their responsibility, some high-ranking officials and those in leadership positions experienced failures in their duties toward the country and the people, *See Page 13*




Senior General Min Aung Hlaing presents an honorary gift of the President-elect.




Senior General Min Aung Hlaing presents an honorary gift of the President-elect.




Senior General Min Aung Hlaing presents an honorary gift of the President-elect.

## Press Release

H.E. Dr. Gustavo Porras, President of National Assembly, the Republic of Nicaragua sent congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

The National Assembly of the Republic of Nicaragua extends its warmest greetings to the Republic of the Union of Myanmar and is pleased to express its most sincere felicitations to His Excellency Mr. MIN AUNG HLAING on his election as President of the Republic of the Union of Myanmar.

From the land of Darío and Sandino, we express our best wishes for success in the performance of his high functions for the benefit of peace, stability, and development for the brotherly people of Myanmar.

The National Assembly of the Republic of Nicaragua takes this opportunity to renew its commitment to continue strengthening the ties of friendship, solidarity, and understanding between our two countries, as well as to convey its highest expressions of consideration and respect.

**Managua, Nicaragua 3 April 2026**
**National Assembly President**

## Press Release

Excellency,

It is my honour and pleasure to convey my heartfelt congratulations on Your Excellency's elections as President of the Republic of the Union of Myanmar. I am confident that, enter Your Excellency's able leadership and with your warm friendship, the relations between Thailand and Myanmar will continue to prosper in all areas of mutual interest.

I had very much wished to attend Your Excellency's Inaguration Ceremony in person. However, due to the scheduled policy presentation of the Royal Thai Government to the Parliament on 9-10 April 2026, which requires the presence of all Cabinet members, I regret that I would not be able to attend the said ceremony as wished. However, I have entrusted H.E. Dr. Parnpree Bahiddha-Nukara, distinguished former Deputy Prime Minister and Minister of Foreign Affairs of Thailand, to represent Thailand on this important occasion and convey the best wishes and congratulations to Your Excellency's in person.

I am optimistic about the future of our bilateral relations, and very much look forward to continuing working closely with the new Myanmar Government to bring about a new chapter in Thailand-Myanmar relations. Thailand stands ready to work, as a friend and partner, to support the new Myanmar Government's efforts to advance peace and economic development. I look forward to paying a courtesy call on Your Excellency in Nay Pyi Taw and continuing our discussing soon.

Please accept, Excellency, the renewed assurances of my highest consideration.

**(Sihasak Phuangketkeow)**
**Deputy Prime Minister and Minister of Foreign Affairs**
**of the Kingdom of Thailand**

## Press Release

H.E. Mr. Alexey Sambuevich Tsydenov, Head of the Repubulic of Buryatia and Chairman of the Government of the Republic of Buryatia of the Russian Federation, sent a congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as Pressident of the Republic of the Union of Myanmar.

**Nay Pyi Taw**
**Dated: 5 April 2026**

*From Page 12*

as well as negligence, errors in execution, and non-compliance with procedures. He added that everyone is aware that while building the nation amidst these difficulties, it was unavoidable to take restrictive actions and part ways with certain individuals to prevent occurrences that should not have happened.

He then stated that among such individuals, those attending the ceremony had faithfully and diligently fulfilled their assigned duties throughout the entire five-year term. He noted that because of this, the state can now be handed over with a sound and proper foundation to the new government that will continue to develop the country under a democratic system. **He expressed his deep respect and recognition for their loyalty and dutiful cooperation with the State, the Government, and the people.**

He added that as the leading head of state, he is aware of the difficulties, dangers, and crises faced during these five years and feels great empathy for them. He explained that this ceremony was held to honor and record his respect for those who worked hard, remained loyal, fulfilled their duties, and maintained integrity throughout this period.

I recognize those who made efforts loyally, honestly and actively in national rebuilding tasks to the best of their abilities. Sacrifices made confidently and bravely under my leadership are honoured. Thanks go to cooperation made concertedly out of the national spirit to serve the interest of the country and the people without selfishness during the performance of duties. It is encouraging to see that we were able to achieve a landmark by safeguarding the country at a dangerous turning point in the history of Myanmar out of the Union Spirit and resetting it on its original democratic path. Therefore, those who have joined hands with me for the five years' term to perform duties responsibly and are attending the ceremony are rightfully honoured and urged to cooperate in respective sectors for the future of the country. **As effort must be made in the long run for the country, new generation future youths must be nurtured for experience.**

Then, the ceremony to present honorary gifts of the President-Elect was held and President-Elect Chairman of the State Security and Peace Commission Senior General Min Aung Hlaing presented honorary gifts to Vice Chairman of the State Security and Peace Commission Vice-Senior General Soe Win, Member of the commission Prime Minister U Nyo Saw, Member of the commission U Aung Lin Dway, Secretary of the commission Commander-in-Chief of Defence Services General Ye Win Oo, members of the commission, union-level officials and union ministers.

Then, Vice Chairman of the commission Vice-Senior General Soe Win presented honorary gifts of the President-Elect to union-level officials.

Afterward, Member of the commission Prime Minister U Nyo Saw, Member of the commission U Aung Lin Dway and Secretary of the commission Commander-in-Chief of Defence Services General Ye Win Oo presented honorary gifts of the President-Elect to union level officials, deputy ministers and deputy minister-level officials.

After the ceremony, President-Elect Chairman of the State Security and Peace Commission Senior General Min Aung Hlaing greeted the attendees cordially.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Parties, associations and organizations release special congratulatory statements on election of Senior General Min Aung Hlaing as President

**Nay Pyi Taw April 5**

Senior General Min Aung Hlaing, selected as Vice-President by the group of elected Pyithu Hluttaw representatives, was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. Hence, the New National Democracy Party, the Board of Trustees of Botahtaung Pagoda, the China-Myanmar-Economic Cooperation and Development Promotion Association (CMECDPA), the Myanmar-Japan Friendship Association, the Myanmar Women and Children's Life Promotion Association, the Myanmar-Russia Friendship Association, the Myanma Peace and Poverty Alleviation Association, the Hunan Chamber of Commerce in Myanmar, the Sichuan-Chongqing Chamber of Commerce in Myanmar, the Myanmar-China (Jiansu Chember of Commerce, the Myanmar Shandong Chamber of Commerce, the Myanmar Jiangxi Chamber of Commerce, the Myanmar Fukien General Chamber of Commerce, the Myanmar Guangdong Chamber of Commerce and the Myanmar Yunnan (China) Chamber of Commerce issued the special congratulatory messages over the election of Senior General Min Aung Hlaing as President.

The statements expressed special pride and pleasure that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw. These associations and organizations conveyed full confidence that, May the Republic of the Union of Myanmar enjoy peace, prosperity, and modern development. May the President serve the development of the interests of Myanmar people with physical and mental wellbeing. May the Republic of the Union of Myanmar, under the leadership of the President, enjoy peace, prosperity, and greater development. We respectfully wish that President Senior General Min Aung Hlaing may be blessed with mental peace, good health, and personal well-being, and may be able to carry out the responsibilities of the State with a healthy and joyful mind and body. May the Republic of the Union of Myanmar enjoy peace, prosperity, and further development. 100

# Mawlamyinegyun Township supplies 45,000 bags of black gram to Yangon in March



A stock of rice in a warehouse.

**Mawlamyinegyun April 5**

Local merchants from Mawlamyinegyun Township of Ayeyawady Region shipped 45,000 bags of black gram to Yangon market in March, said Daw Thida, the owner of pulses and beans trading depot in Mawlamyinegyun Township.

From Mawlamyinegyun Township to the Yangon market, only 32,000 bags (24 pyi per bag) of black gram were exported and sold during the one-month period in February. In March, exports increased to as many as 45,000 bags within a single month.

"We were able to export and sell up to 45,000 bags (24 pyi each) of black gram from Mawlamyinegyun to the Yangon market. At present, pulses produced locally are still seeing strong demand from Yangon. The demand from Yangon has improved because international markets have resumed strong purchasing of black gram. Traders and warehouse operators here export locally produced pulses and rice to Yangon. Black gram and mung beans are mostly exported to China as part of the international market. It is understood that overseas demand has now become quite strong," said Daw Thida, a pulses trader from Mawlamyinegyun Township.

Black gram exported from Mawlamyinegyun to the Yangon market is currently priced at up to 135,000 kyats per 24-pyi bag. Due to the good prices and strong demand, farmers, traders, loading and unloading workers, and truck drivers involved in transport are all benefiting.

Kyaw Kyaw Lin

# Explainer: U.S. aircraft lost show down over Iran — What does it reveal?

**Washington April 5**

U.S. forces recovered the second crew member of an F-15E Strike Eagle shot down over Iran on Friday, with the airman injured but expected to recover, while the jet's pilot had been rescued shortly after the crash.

The downing of the F-15E is the first confirmed U.S. aircraft loss over Iran in the current conflict, showing that U.S. forces did not have full control of Iranian airspace at the time.

Iranian media reported that the jet was destroyed by an advanced air defense system of the Islamic Revolutionary Guard Corps. Separately, the Tasnim news agency, citing the Khatam al-Anbiya Central Headquarters, said several other aircraft were destroyed during the operation, including a C-130 transport plane and two Black Hawk helicopters.

So how did multiple U.S. aircraft come under fire during the mission, and what does this indicate about operational conditions in Iranian airspace?

The F-15E was shot down over central Iran. A U.S. A-10 Thunderbolt II dispatched to support the search was also struck by fire, forcing its pilot to eject safely into Kuwaiti airspace.

The reported losses of transport and helicopter assets illustrate the operational challenges faced by U.S. forces in the area.

After ejecting, the weapons systems officer spent over 24 hours in mountainous terrain, armed only with emergency gear. Local forces, including military personnel and militias, actively searched the area, while U.S. helicopters faced fire during the operation.

The combination of rugged geography and active air defenses highlighted the operational complexity and the high stakes of carrying out missions in contested Iranian airspace. Xinhua



Smoke billows after explosions heard in downtown Tehran, Iran, April 1, 2026.

# Egypt steps up contacts with U.S., regional states to ease tensions

**Cairo April 5**

Egypt's Foreign Minister Badr Abdelatty held phone calls on Saturday evening with U.S., regional, and international officials to discuss efforts to de-escalate rising tensions in the Middle East, the Egyptian Foreign Ministry said in a statement on Sunday.

During the phone calls, Abdelatty spoke separately with U.S. president's special envoy Steve Witkoff, Iranian Foreign Minister Seyed Abbas Araghchi, the foreign ministers of Saudi Arabia, the United Arab Emirates, Qatar, Kuwait, Bahrain, Oman, Türkiye, and Pakistan, as well as Director General of the International Atomic Energy Agency Rafael Grossi.

He stressed the need to prioritize wisdom "to defuse tensions and avoid further escalation and destruction," urging "dialogue and diplomacy" to preserve regional security and stability and serve the common interest.

Abdelatty warned that the current escalation could lead to an "unprecedented explosion" in the region with serious economic and geopolitical fallout.

The talks affirmed the necessity of continued consultation, coordination, and intensified diplomatic efforts in the coming period to defuse the crisis and avoid severe consequences for food and energy security, as well as for regional and international peace and security.

Tensions have heightened in the Middle East since the United States and Israel launched joint strikes on Iran starting Feb. 28, with Tehran responding with attacks on Israeli and U.S. interests across the region. Xinhua

# Misinformation vs. Reality: The Truth Behind the 2026 General Election and Presidential Appointment



Award-winning documentaries.
Extraordinary stories.
WATCH NOW

Myanmar junta chief Min Aung Hlaing elected president by pro-military parliament

Myanmar junta chief Min Aung Hlaing was elected president on Friday (Apr 3) after breezing through a parliamentary vote, formalising his grip on political power in the war-torn nation five years after he ousted an elected government in a coup.

His carefully choreographed journey from top general to civilian president follows a lopsided election in December and January that was won in a landslide by an army-backed party and derided by critics and Western governments as a sham to perpetuate military rule behind a veneer of democracy.

On April 3, CNA, a foreign-based news agency, ignored the reality of Myanmar's political developments by publishing an article titled "Myanmar junta chief Min Aung Hlaing elected president by pro-military parliament." The report falsely claimed that power was seized from a civilian government in February 2021, that the 2025 election excluded major opposition forces, and that the international community condemned it as a "sham." It further alleged that Senior General Min Aung Hlaing won by a landslide only because of a coalition between the Union Solidarity and Development Party (USDP) and military-appointed lawmakers.

To prevent public misconception, it is necessary to clarify the facts. It is well-known that during the multi-party democratic general election held on November 8, 2020, the NLD party committed massive fraud involving over 11 million votes to seize state power illegally. Despite the Tatmadaw's magnanimous efforts to resolve this—requesting a transparent audit, proposing a balanced Union Election Commission (UEC), and asking for a postponement of the third parliament—the NLD government refused to cooperate. With no room for negotiation, the Tatmadaw was forced to declare a state of emergency to preserve the nation.

Although the Tatmadaw assumed state responsibilities, it did not initially abolish the NLD. Following the formation of the State Administration Council (SAC), the reconstituted UEC officially invited all political parties to participate in the 2025 General Election. Parties were repeatedly urged to register and follow legal protocols. The NLD chose not to comply with the Political Parties Registration Law. By failing to register of their own volition, they disqualified themselves under the law, leading to the party's exit from the political arena. In essence, the NLD abolished itself.

Furthermore, remaining members of the NLD had every opportunity to re-register the party or form a new entity to compete in 2025. However, feeling ashamed by the widely publicized evidence of their previous electoral fraud, they declined to register, thereby absenting themselves from the contest.

The 2025 Multi-party Democratic General Election was conducted in three phases using Myanmar Electronic Voting Machines (MEVM). Out of 24.22 million eligible voters nationwide, over 13.14 million cast their ballots, representing a turnout of 54.22%. This high participation confirms the success of the election. Voters enthusiastically chose their preferred parties and candidates in a free and fair environment.

International observers confirmed the integrity of the process: H.E. Mr. YICH Samethy (Cambodia): Stated that no irregularities were found and described the process as complete and accountable. Chinese Observers: Praised the election as successful, clean, and supported by active public participation. Vice Deputy Chairman of the Russian State Duma: Noted the enthusiasm of the voters and emphasized that the MEVM systems are tamper-proof, expressing pride in the public's commitment to the nation's future.

Following the successful general election, the President was elected in accordance with the 2008 Constitution, which mandates three groups—the Pyithu Hluttaw, the Amyotha Hluttaw, and Military Personnel Representatives—to nominate candidates.

The claims by CNA regarding a simple "pro-military" coalition are debunked by the actual voting figures from the Pyidaungsu Hluttaw session on the morning of April 3. Out of 586 representatives, 584 attended the secret ballot:

| Candidate | Nominating Group | Votes Received |
|---|---|---|
| Senior General Min Aung Hlaing | Elected Pyithu Hluttaw Members | 429 |
| U Nyo Saw | Military Personnel Representatives | 126 |
| Daw Nan Ni Ni Aye | Elected Amyotha Hluttaw Members | 29 |


Senior General Min Aung Hlaing was elected President after receiving the highest number of votes. The 429 votes he received reflect a broad consensus among various parties, ethnic representatives, and independent members within the Pyithu Hluttaw. This was a free choice by representatives who recognize a leader capable of maintaining stability through crises and providing national leadership.

The election of Senior General Min Aung Hlaing as President is legally sound and reflects the collective will of the people's representatives. Leaders from neighboring and friendly nations—including the Russian Federation, the People's Republic of China, and the Republic of Belarus—as well as domestic organizations and political parties, have sent messages of congratulations.

The allegations made by foreign media outlets like CNA are baseless, unproven, and entirely incorrect.

Httoo Maung

# Two more Chinese nationals involved in online fraud and gambling arrested in Tangyan Township, Shan State (North)





Two more Chinese nationals involved in online fraud and gambling arrested in Tangyan Township.

**Nay Pyi Taw April 5**

The Government of Myanmar is actively combating online fraud and online gambling, which pose a global threat, as a national priority. To ensure these activities cannot establish a foothold within Myanmar, the government is collaborating with domestic forces as well as neighboring countries to vigorously suppress these criminal acts.

Following this effort, based on reports from local citizens who refuse to tolerate online fraud and gambling, joint security teams have been conducting necessary investigations and searches in Tangyan Township, Northern Shan State, to prevent those engaged in online fraud and gambling from entering and operating in the area. On April 4, authorities announced that they had successfully identified, arrested, and seized individuals involved in online fraud and gambling, along with the equipment and buildings used for these crimes, near Kaung San Village, approximately 25,000 meters northeast of the town.

Today, on April 5, security forces continued their operations to prevent online fraud and gambling perpetrators from setting up operations. Around 12:15 PM, approximately 1,200 meters north of the location where arrests were made yesterday near Kaung San Village, two additional Chinese nationals (male) who had been involved in committing online fraud and gambling were found and arrested.

Once necessary investigations into those arrested for participating in these online fraud and gambling activities are completed, legal action will be taken effectively and severely in accordance with existing laws. The government continues to actively cooperate with neighboring countries, regional nations, and international organizations to eradicate online fraud and gambling and to prevent such activities from being able to operate within Myanmar. 100




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

ရှေ့ဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်အဆင့်တူပုဂ္ဂိုလ်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါအချိန်က အစိုးရဖြစ်နေသည့် အနိုင်ရပါတီသည် မဲလိမ်မဲခိုးမှု၊ မသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးစားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကိုယူခဲ့ရသည်မှာ အမှန်တရားဖြစ်ပြီး အားလုံးလည်းသိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်ကာလသတ်မှတ်ပြီး စိန်ခေါ်မှုမျိုးစုံနှင့် အခက်အခဲများကြားမှ နိုင်ငံတော်တာဝန်ကိုယူခဲ့ကြခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုးကြီးနှင့် စတင်ရင်ဆိုင်ခဲ့ရပြီး တစ်ဆက်တည်း၌ပင် အဖြစ်မှန်ကို မသိ၊ သိဖို့လည်းမကြိုးစား၊ အဖျက်အမှောင့်ပယောဂများကို အခြေခံသည့် ဆူပူအကြမ်းဖက်မှုများ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ဖြစ်ပေါ်ခဲ့ကြောင်း၊ **“တောမီးလောင်တောကြောင်လက်ခမောင်းခတ်”**ဆိုသကဲ့သို့ မူလကတည်းက စိတ်သဘောထားမမှန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့ကလည်း မီးလောင်ရာလေပင့်ဆူပူအကြမ်းဖက်မှုများကို အားပေးမြှင့်တင်ပြီး တိုက်ပွဲများဖော်ဆောင်လာခဲ့ခြင်းကြောင့် အစိုးရနှင့် ပြည်သူများအားလုံး ဆင်းရဲဒုက္ခများစွာဖြင့် ခက်ခဲပင်ပန်းကြမ်းတမ်းခဲ့ကြရကြောင်း။

တစ်ဆက်တည်း၌ပင် မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့် အင်အားပြင်းမဏ္ဍလေးငလျင်ကြီးတို့၏ သဘာဝဘေးအန္တရာယ်ကို ဆက်တိုက်ဆိုသကဲ့သို့ ခံစားခဲ့ကြရကြောင်း၊ ထိုသို့ဆူပူအကြမ်းဖက်မှုများနှင့် အင်အားကြီးမားသည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူအများအပြားသေဆုံးဒဏ်ရာရ၊ ထိခိုက်ဆုံးရှုံးမှုများရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သည့် အရှိန်အဟုန်များလည်း ရပ်တန့်သွားပြီး ရှိပြီးသားအခြေခံအဆောက်အအုံအများအပြားသည်လည်း ပျက်စီးသွားခဲ့ကြောင်း။

ထိုသို့နိုင်ငံတော်အနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်နေရသကဲ့သို့ အဆိုပါအခက်အခဲအန္တရာယ်များကြောင့် နိုင်ငံ့စီးပွားရေးသည်လည်းကျဆင်းလာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရန် အခြေခံများကို ခက်ခက်ခဲခဲကြိုးစားရုန်းကန်ဆောင်ရွက်ခဲ့ကြရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်နှင့်ပြည်သူလူထုကိုသစ္စာစောင့်သိပြီး တာဝန်ကျေခဲ့သည့်သူများ အများအပြားရှိခဲ့ကြသဖြင့် ယခုကဲ့သို့တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စအခြေအနေကိုပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်ပူးပေါင်းပြီး စွန့်လွှတ်စွန့်စားစွာဖြင့် အန္တရာယ်ကိုမမှုဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသူအားလုံးကို ယခုနေရာမှဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိသည်ကို ဂုဏ်ပြုစကားပြောကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်ခဲ့ကြရာတွင် အစိုးရ၏ဦးစီးဦးဆောင်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက်ချမှတ်ပေးထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည့်အလုပ်မဟုတ်ကြောင်း၊ သာမန်အချိန်၌ပင် မလွယ်ကူသည့်တာဝန်များကို ယခုကဲ့သို့အခက်အခဲမျိုးစုံကြားမှ လုပ်ဆောင်ရခြင်းသည် ပိုမိုခက်ခဲကြမ်းတမ်းပါကြောင်း၊ တော်ရုံတန်ရုံစိတ်ဓာတ်မျိုး၊ ဝတ်ကျေတမ်းကျေ လုပ်ဆောင်မှုမျိုးဖြင့် အောင်မြင်မှုရမည်မဟုတ်ဘဲ လက်ရှိအခြေအနေကိုရောက်မလာနိုင်ကြောင်း။

အားလုံးသိသည့်အတိုင်း မည်သည့်လုပ်ငန်းတွင်မဆို ခေါင်းဆောင်မှုသည် အဓိကကျကြောင်း၊ ဦးစီးဦးဆောင်အကောင်အထည်ဖော်ကြရသည့် အကြီးအကဲများ၏ တာဝန်သည် အလွန်အရေးကြီးကြောင်း၊ မိမိတို့တာဝန်ယူစဉ်ကာလတွင် ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ အမျိုးသားရေးတာဝန်များကို မိမိနှင့်အတူ ယုံယုံကြည်ကြည်၊ ကြိုးစားပမ်းစားစိတ်ရင်းစေတနာကောင်းများဖြင့် အကောင်အထည်ဖော်ပေးကြသည့် မိမိ၏လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ယခုတက်ရောက်လာကြသူများအားလုံးကို မိမိအစဉ်အမြဲသတိရနေမည်ဖြစ်ကြောင်း၊ လေးလေးစားစားဖြင့် ဂုဏ်ယူပြီး အသိအမှတ်ပြု ကျေးဇူးတင်နေမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

ခေါင်းဆောင်မှုသည် နေရာတိုင်း၌အရေးကြီးသည်ကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း၌ အချို့အကြီးအကဲများနှင့် ခေါင်းဆောင်မှုတာဝန်ယူထားသူအချို့သည် တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ပျက်ကွက်




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

ခြင်း၊ ပေါ့ဆမှုနှင့် လုပ်ဆောင်မှုလွဲမှားခြင်းများနှင့် လုပ်ထုံးလုပ်နည်းနှင့် မညီသည်များအချို့ရှိခဲ့သည်ကို စိတ်မကောင်းစွာကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲကြားက နိုင်ငံကိုတည်ဆောက်ရာတွင် မဖြစ်သင့် မဖြစ်ထိုက်သည်များမဖြစ်ရအောင် ထိန်းထိန်းသိမ်းသိမ်းဖြင့် မလွှဲမရှောင်သာဆောင်ရွက်ရခြင်း၊ လက်တွဲဖြုတ်ခဲ့ရခြင်းများရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထိုသို့လူပုဂ္ဂိုလ်များကြားမှ ယခုအခမ်းအနားကို တက်ရောက်ပေးကြသည့် ပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလ အစအဆုံးတွင်ပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင်ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့် အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည်



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

**နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူလူထုကိုသစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု . . .**

**နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ် . . .**

ဖြစ်ကြောင်း၊ ထိုသို့ **နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူလူထုကိုသစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့်လေးလေးစားစားအသိအမှတ်** ပြုကြောင်း။

မိမိကိုယ်တိုင်လည်း ဦးစီးဦးဆောင်အကြီးအကဲဖြစ်သဖြင့် ယခု ငါးနှစ်တာကာလ၏အခက်အခဲများ၊ အန္တရာယ်များ၊ အကျပ်အတည်းများကိုသိရှိပြီးဖြစ်သကဲ့သို့ ကိုယ်ချင်းလည်းစာနာမိကြောင်း၊ ထိုအထဲမှ ကြိုးကြိုးစားစားဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ၊ အပြစ်ကင်းကင်း ဆောင်ရွက်ခဲ့ကြသည်များကို လေးလေးစားစားအသိအမှတ်ပြု၊ မှတ်တမ်းတင်လိုသဖြင့် ယခုအခမ်းအနားကို ကျင်းပပြီး ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း၊ မိမိ၏ဦးဆောင်မှုအောက်တွင် ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့၊ စွန့်လွှတ်စွန့်စားလုပ်ဆောင်ခဲ့ကြသည်များကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ တာဝန်ထမ်းဆောင်စဉ်ကာလတွင် ကိုယ်ကျိုးမဖက်၊ အတ္တကင်းကင်းဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ကြောင်း၊ မိမိတို့တစ်တွေသည် မြန်မာနိုင်ငံ၏သမိုင်းတွင် နိုင်ငံ၏အန္တရာယ်ရန်စွယ်ကျမည့် အချိုးအကွေ့တစ်ခုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီး နိုင်ငံကို မူလရည်မှန်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်တည့်မတ်လွှဲပြောင်းပေးနိုင်ခဲ့သော သမိုင်းမော်ကွန်းတစ်ခုကိုစိုက်ထူနိုင်ခဲ့သဖြင့် ဝမ်းသာအားရဖြစ်ရကြောင်း၊ထို့ကြောင့် မိမိနှင့်အတူ ငါးနှစ်တာကာလလက်တွဲပြီး တာဝန်ကျေခဲ့ကြသည့် ယခုအခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို လေးလေးစားစား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ယူစွာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပြောကြားလိုကြောင်း၊ **နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကိုချီးမြှင့်ပေးအပ်ရာ ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများကို ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၅

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် တရုတ်-မြန်မာ စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း (CMECDPA)၊ မြန်မာ-ဂျပန်ချစ်ကြည်ရေး အသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင် ရေးအသင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ (MPPAA)၊ မြန်မာနိုင်ငံဆိုင်ရာ ဟူနန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီချွမ်နှင့်ချုံချင့် ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းစု ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ဒုန်ကုန်သည်ကြီး များအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းရှီးကုန်သည်ကြီးများ အသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ(တရုတ်)ယူနန် ကုန်သည်ကြီးများအသင်း၊ ပြည်တွင်းလူငယ် များ မိတ်သဟာယအသင်းနှင့် အမျိုးသားဒီမိုကရေစီပါတီသစ်တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြ သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက် ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင် ပါစေကြောင်း၊ သမ္မတကြီး၏ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေ ကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင် ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရသည်။ (၅၀၁)

■

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရသည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သမ္မတကြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန် ကောင်း တောင်းအပ်ပါသည်။

**တရုတ်-မြန်မာစီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေး အသင်း (CMECDPA)**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ရုရှား ချစ်ကြည်ရေး အသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်း သာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံဆိုင်ရာစီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်းချုပ်"အနေဖြင့် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာစီချွမ်နှင့်ချုံချင့်ကုန်သည်ကြီးများအသင်းချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာကျန်းရှီးကုန်သည်ကြီးများအသင်းချုပ်

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါ သည်။

ဗိုလ်ချုပ်မှူးကြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ နှင့်ပြည့်စုံပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဝပြောပါစေကြောင်းကိုလည်း ဆန္ဒဆုမွန်ပြုလိုက်ပါသည်။

မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ ( MPPAA )

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာကျန်းစုကုန်သည်ကြီးများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စု လွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်"က အထူးဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ စွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာဟူနန် ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာဟူနန်ကုန်သည်ကြီးများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန် ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန်ကုန်သည်ကြီးများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာကွမ်းတုန်း ကုန်သည်ကြီးများအသင်း"က အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက် ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာကွမ်းတုန်းကုန်သည်ကြီးများအသင်း

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ကျွန်ုပ်တို့အသင်းသည် စစ်မှန်သောစိတ်ရင်းဖြင့် ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံကို ဖွံ့လုံ့လဖြင့် အုပ်ချုပ်နိုင်ခြင်း၊ ထူးကဲသောအမြော်အမြင်နှင့် လက်တွေ့ကျသောစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းမှု၊ စည်ပင်ဖွံ့ဖြိုးမှုနှင့် ပြည်သူတို့၏ အေးချမ်းသာယာမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ(တရုတ်)ယူနန်ကုန်သည်ကြီးများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်တွင်းလူငယ်များမိတ်သဟာယအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရက်စွဲ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၄) ရက်

၂၀၂၆ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညီညီစောအား ဒုတိယသမ္မတ (၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတ (၂) အဖြစ် အသီးသီးရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားဒီမိုကရေစီပါတီသစ်မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားဒီမိုကရေစီပါတီသစ်မှ ဆန္ဒပြုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားဒီမိုကရေစီပါတီသစ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ရပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအကျိုး၊ ဘာသာအကျိုးကို ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတတာဝန်များကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံ၍ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ရန်ကုန်တိုင်းဒေသကြီး

## မြန်မာ မြို့ပြအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (M,D,A)ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး၌နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရပါသောဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား **မြန်မာ မြို့ပြအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (M,D,A)**မှ အထူးလေးစား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကို အပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အကျိုး နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာ တွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဥက္ကဋ္ဌနှင့် CEC များ
မြန်မာ မြို့ပြအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်များ အသင်း
Myanmar urban Development entrepreneurs Association
(M,D,A)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်

# မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မန္တလေး ဧပြီ ၅

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း မန္တလေးမြို့ရှိသင်္ကြန်ချစ်သူပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် (၇၃)လမ်းရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် ဆန်းသစ်သည့် အစီအစဉ် ကောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန် ဇုန်အတွင်း Floating Street ဇုန်၊ Star Light Street ဇုန်၊ Flower Street ဇုန်နှင့် Water Street ဇုန် စသည်ဖြင့် ဇုန်များအလိုက်သတ်မှတ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ရိုးရာလက်မှုပညာရပ်များ၊ ယခင်နှစ်များနှင့် မတူညီသည့် ဒီဇိုင်းများဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း Mandalay Management Coperation မှ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ ဇုန်တွေအတွင်းမှာပဲ သနပ်ခါးယဉ်ကျေးမှုအတွက်ကိုလည်း ရေပက်ခံလာတဲ့သူတွေကို သနပ်ခါးလိမ်းလို့ရအောင် သနပ်ခါးကျောက်ပျဉ်တွေ ချထားပေးမယ်။နောက်ပြီး ဇုန်များအလိုက် ထီးတွေနဲ့ အလှဆင်တာတွေ၊ မြန်မာ့ရိုးရာ အစဉ်အလာမပျက် ရေလောင်းနိုင်ဖို့ လောင်းလှေတွေလည်း စီစဉ်ပေးသွားမှာပါ။ တခြားထူးခြားတဲ့ အစီအစဉ်တွေလည်းရှိပါသေးတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် ယခုနှစ်တွင် ပြည်သူများ ပင်ပန်းခဲ့သမျှ ပြေပျောက်၍ ပိုမိုအပန်းဖြေစေလိုသည့် ရည်ရွယ်ချက်ဖြင့် မဏ္ဍပ်ကိုလည်း ခမ်းနားထည်ဝါစွာ တည်ဆောက်နေပြီး နိုင်ငံကျော်အဆိုတော်ပေါင်းများစွာဖြင့် သင်္ကြန်ကာလအတွင်း ဖျော်ဖြေသွားမည် ဖြစ်ကာ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကိုလည်း သင်္ကြန်အကြိုနေ့မှ စတင်၍နေ့စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။



မင်္ဂလာမန္တလေး လမ်းလျှောက် သင်္ကြန်ဧရိယာအတွင်း စွမ်းအင်ချွေတာသည့်အနေဖြင့် ဆိုလာပါဝါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ချစ်သူပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအလှအပများ၊ ဖျော်ဖြေရေး အစီအစဉ်ကောင်းများကို ခံစားရင်း သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ အတူတကွလာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့၌ ဌာနဆိုင်ရာမိသားစုများ စုပေါင်းကာ ရှင်သာမဏေ ၁၀၈ ပါး ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပပြုလုပ်



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့၌ ဌာနဆိုင်ရာ မိသားစုများ စုပေါင်းကာ ရှင်သာမဏေ ၁၀၈ ပါး ရှင်ပြုအလှူ မင်္ဂလာပွဲ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့၌ ဌာနဆိုင်ရာ မိသားစုများစုပေါင်းကာ ရှင်သာမဏေ ၁၀၈ ပါး ရှင်ပြုအလှူမင်္ဂလာပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်မွေမြို့ စတုရဋ္ဌသုမင်္ဂလ စေတီတော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ သီလဓမ္မကုန်းသာ တောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီရိပျံချီ ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ မိသားစုများ၊ အလှူရှင်၊ စေတနာရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရှင်ပြုအလှူမင်္ဂလာအဝင်နေ့ရက်ဖြစ်သည့် မေ ၄ ရက် မွန်းလွဲပိုင်းတွင် လွိုင်မွေမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဦးဆောင်ကာ လွိုင်မွေဒေသနှင့် ကျိုင်းတုံမြို့နယ် တောင်ပေါ်ကျေးရွာအုပ်စု ငါးစုမှ ဗုဒ္ဓဘာသာဝင်အခါနှင့် လားဟူတိုင်းရင်းသားကလေးငယ် ရှင်သာမဏေ ၁၀၈ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၀ ပါးတို့ကို ရှင်လောင်းလှည့်လည်ကြပြီး ဆံချမင်္ဂလာနှင့် သင်္ကန်းဝတ်ခြင်း(ပဗ္ဗဇ္ဇမင်္ဂလာ)ကို အစီအစဉ်အတိုင်းဆောင်ရွက်ကာ ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့အမွေခံယူစေသည်။

ထို့နောက် ရှင်ပြုအလှူရေစက်ချတရားတော်နာယူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တက်ရောက်လာကြသူများက "နမော တဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက သံသရာအေး ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် စေတနာရှင်၊ အလှူရှင်များက သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှင်ပြုအလှူပွဲဖြစ်မြောက်ရေး ဦးဆောင်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက ကျေးဇူးတင်ဝမ်းမြောက်စကားမိန့်ကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနဝေပုလ္လကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ အနုမောဒနာနှင့် ရေစက်ချတရား နာယူကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာ

- အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။
- အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှတစ်ဆင့် တင်သွင်း၊ တင်ပို့မည့် ကုန်ပစ္စည်းများကို မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော **ဧပြီ ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်**တို့တွင် ရုံးချိန်ပြည့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။
- ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း၊တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။
- အချိန်ပို(Overtime)ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း၊တင်ပို့လိုသောကုန်ပစ္စည်းများနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုကို **ဧပြီ ၁၀ ရက် မွန်းလွဲ ၂ နာရီ**ထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်သည်။
- Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း ၁ ရက်မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုကို အချိန်ပို (Overtime)ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း သုံးဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ကုန်ပစ္စည်းများတင်သွင်း၊တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | |
|---|---|
| (က) ညွှန်ကြားရေးမှူး (ထုတ်၊သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| ( ခ ) ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| ( ဂ ) ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| ( င ) ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| ( စ ) ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

**အကောက်ခွန်ဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

၁-၁-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ (၂၈၇) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| ၁၉၈ | SETTLER INTERNATIONAL TRADING CO., LTD. | Daw Aye Aye Aung | 14/PATHANA(N)244218 | AUNG THIT SAR STREET, BETWEEN 51X52 STREET, NO. 28 (ZA ZA-20), CHAN MYA THAR SI TOWNSHIP, MANDALAY REGION |
| ၁၉၉ | SEWELL GARMENT (MYANMAR) INDUSTRIAL COMPANY LIMITED | Mr. TSAI CHUNG MING<br>Mr. TSAI CHUNG-MING | 363417119<br>363417119 | 2ND STREET, MYAY TAING QUARTER, NO.24, NGWE PIN LAE, PLOT NO.17, HLAING THAR YAR TOWNSHIP, YANGON REGION |
| ၂၀၀ | SH EQUIPMENT (MYANMAR) CO.,LTD. | Mr. TAN CHENG SOON DON | K1113564G | PANTINWUN U SHWE BIN STREET, NO(194), INDUSTRIAL ZONE PART (1), 113, DAGON MYOTHIT (EAST) TOWNSHIP, YANGON REGION |
| ၂၀၁ | SHAN LADY COMPANY LIMITED | Daw Nang Hum Aye | 13/NAKHANA(N)066353 | SASA-(176), 4TH STREET, SWANSAW QUARTER, MUSE CITY, SHAN STATE |
| ၂၀၂ | SHAN STATE (NORTHERN) RICE AND PADDY DEVELOPMENT PUBLIC COMPANY LIMITED. | Daw Hway Phane<br>Daw Kyu Kyu Myint<br>Daw Nan Thein Mya<br>U Sai Htwe Maung<br>U Than Htay Oo<br>U Thant Zin Htut<br>U Thet Soe<br>U Tin Hlaing Win<br>U Min Thein<br>U Than Bo Oo | 13/NAMATA(N)028138<br>12/OUKAMA(N)023811<br>13/NAKHANA(N)015337<br>13/MASATA(N)000312<br>8/MAKANA(N)110031<br>7/THAWATA(N)062413<br>13/LAYANA(N)102417<br>9/AHMAYA(N)069741<br>7/AHTANA(N)051914<br>13/NAMATA(N)037019 | NEW STARLIGHT, MUSE CENTRAL BUSSINESS DISTRICT, ZONE (4), BLOCK NO-114, TAW YWAT QUARTER, MUSE TOWNSHIP, SHAN STATE |
| ၂၀၃ | SHAN YUAN JU AGRICULTURE DEVELOPMENT COMPANY LIMITED | Daw Thun Wati Maung | 9/KHAMASA(N)048036 | FMI CITY, NO.(A-24), HLAING THARYAR TOWNSHIP, YANGON REGION |
| ၂၀၄ | SHIN HTI COMPANY LIMITED. | U Khin Kyaw Oo<br>U Tom Kone Hti<br>U Yamin Oo | 13/MAHSATA(N)063150<br>13/KAKHANA(N)082508<br>13/KAKHANA(N)132461 | PA LA MA/29, KAUNG HMU TON QUARTER, MUSE TOWNSHIP, SHAN STATE |
| ၂၀၅ | Shin Thant Phyu Sin Co., Ltd | Daw Thandar Htwe | 13/NAMATA(N)037022 | NO.(216), (25) STREET, BETWEEN (58X59) STREET, ANAPETAW WARD, AUNG MYAY THAR SAN TOWNSHIP, MANDALAY REGION |
| ၂၀၆ | SHOGUN COMPANY LIMITED. | U Tin Tun Aung | 9/PAOULA(N)003092 | ANAWYAHTAR STREET, NO. 16/B, 14 QUARTER/YANKIN TOWNSHIP, YANGON REGION |
| ၂၀၇ | Shone Lae Myaing Co., Ltd | U Myo Thant | 5/SALAKA(N)000676 | HOUSE NO. (77), (11) STREET, CHAN MYA WADI QUARTER, MONYWA TOWNSHIP, SAGAING REGION |
| ၂၀၈ | SHWE CHO OO COMPANY LIMITED | U Kyaw Thu Ya | 6/LALANA(N)064776 | NO.(161/Z), KYAIKKASAN ROAD, NATMAUK WARD, TAMWE TOWNSHIP, YANGON REGION |
| ၂၀၉ | SHWE DANA SAN EAIN COMPANY LIMITED | U Thet Naing Soe | 12/LATHANA(N)113226 | NO(124), 22 STREET, (2) WARD LATHAR TOWNSHIP, YANGON REGION |
| ၂၁၀ | SHWE EI PHYO COMPANY LIMITED | U Hlaing Myo Htut<br>U Thaung Htike Aung | 5/WALANA(N)115028<br>5/WALANA(N)111726 | (4)WARD, MYAY NI GONE, MYAWADDY TOWNSHIP, KAYIN STATE |
| ၂၁၁ | SHWE HLAING HTUT (MWD) COMPANY LIMITED | U Hlaing Myo Htut | 5/WALANA(N)115028 | (4)WARD, MYAY NI GONE, MYAWADDY TOWNSHIP, KAYIN STATE |
| ၂၁၂ | SHWE KHAING BUSINESS GROUP COMPANY LIMITED. | Daw Htet Htet Soe<br>U Khaing Linn Thu<br>Daw Khin Thida Aung | 12/OUKATA(N)154482<br>12/SAKHANA(N)062669<br>6/THAYAKHA(N)000026 | THANTHUMAR ROAD, 642, WARD 10/ SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၂၁၃ | SHWE LI KAUNG COMPANY LIMITED | Daw She Phan Lan<br>Daw Shie Shwin Chake<br>U Zin Maw Pyae | 13/KAKHANA(N)010476<br>9/MANAMA(N)077590<br>12/DAGASA(N)009314 | NO.439/23, MAHAR AUNG MYAY TOWNSHIP, MAHAR AUNG MYAY TOWNSHIP, MANDALAY REGION |
| ၂၁၄ | SHWE MYA PAWAR COMPANY LIMITED | Daw Ei Ei Htun<br>U Zay Yar Aung | 12/THAGAKA(N)170949<br>12/THAKATA(N)184143 | NO(4), AUNG ZABU STREET, LET YET SAN QUARTER, THANLYIN TOWNSHIP, YANGON REGION |
| ၂၁၅ | SHWE MYINT MIN COMPANY LIMITED | Daw Myint Theingi Win<br>Daw Theingi Myint Thein<br>Daw Yamon Win | 12/DAGANA(N)000434<br>12/MAGATA(N)084159<br>12/TAMANA(N)076401 | SABAI YONE LANE, NO. (MA-1054), (EAST) YWARMA WARD, INSEIN TOWNSHIP, YANGON REGION |
| ၂၁၆ | SHWE NAN KYAW COMPANY LIMITED. | Daw Khin Poe Ei Phyu | 12/DAGATA(N)176995 | NO(688), BOGYOKE STREET, MYO MA QUARTER, THANLYIN TOWNSHIP, YANGON REGION |
| ၂၁၇ | SHWE NAT MOUT YADANAR MYAY TRADING COMPANY LIMITED. | U Khin Maung Nyein<br>U Kyaw Shwe<br>U Nay Win | 8/NAMANA(N)166053<br>8/NAMANA(N)165940<br>8/NAMANA(N)137879 | NO(1), SALLAL VILLAGE, SALLAL VILLAGE GROUP, NATMAUK TOWNSHIP, MAGWAY REGION |
| ၂၁၈ | SHWE PAN LWIN COMPANY LIMITED | Daw Than Aye | 12/TAKANA(N)169053 | THUDAMA STREET, NO.(115), 1ST FLOOR, (SA) WARD, NORTH OKKALAPA TOWNSHIP, YANGON REGION |
| ၂၁၉ | SHWE SATKYAR WIN MINING COMPANY LIMITED (ယခင်ကုမ္ပဏီ) @ SHWE SATKYAR WIN COMPANY LIMITED (ယခုကုမ္ပဏီ) | Daw Nan Si Win<br>Mr. Opas Yansomboon<br>Mr. Suriyasak Buntitawat<br>U Sai Sam Tit | 13/TAKHALA(N)004807<br>AB2443553<br>AA7559032<br>13/TAKHALA(N)039489 | BETWEEN 13TH STREET & PHONE GYI STREET, STRANT ROAD, NO (514), (7) FLOOR, LANMATAW TOWNSHIP, YANGON REGION |
| ၂၂၀ | SHWE SIN HSU SHIN COMPANY LIMITED. | U Sho Kyauk Kaw | 13/LAYANA(N)240572 | NO.(28), U CHAINT STREET, INDUSTRIAL ZONE (1), SOUTH DAGON PORT, YANGON REGION |
| ၂၂၁ | Shwe Yamin Pt Co., Ltd | Daw Kyin Lonn Man | 4/TATANA(N)098455 | CHIN TWIN STREET, NO.(24), SOUTH DAGON INDUSTRIAL ZONE, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၂၂ | SHWEPHYU RUBBER COMPANY LIMITED | U San Hlaing Oo<br>U Shine Maung | 6/HTAWANA(N)137309<br>14/MAMAKA(N)313244 | KYAUK SEINN STREET, NO.(181), NORTH DAGON TOWNSHIP, YANGON REGION |
| ၂၂၃ | Si Thu Tun Thit Energy Co., Ltd | U Si Thu | 12/MAGATA(N)099096 | NO(720/A), KYUN SHWE MYAING (9) STREET, (18)QUARTER, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၂၄ | SILVER LINK LIMITED | U Than Win Kyi | 14/KALANA(N)083617 | MIN DIN, NO 577, THINGANGYUN, YANGON REGION |
| ၂၂၅ | SU HTOO KHINE COMPANY LIMITED | U Hla Tun | 3/BAHANA(N)052526 | RUBBER KYAAN (6)STREET, NEAR YE BAW MARKET, NO-5 WARD HPA-AN TOWNSHIP, KAYIN STATE |
| ၂၂၆ | SUN FOREST COMPANY LIMITED. | Daw Sharr Kyu | 13/MASATA(N)032781 | TUUMYAUNG VILLAGE, PLOT NO. KA THAINE KWIN, U PAING LOTE KWAT (77),YAE TOWNSHIP, YANGON REGION |
| ၂၂၇ | SUN HO FOOD COMPANY LIMITED. | Mrs. Choi Young Soon<br>U Thet Paing Tun | M76221134<br>13/KALANA(N)108485 | KAN OO STREET, NO.(398), GROUND FLOOR(B), LAY DAUK KAN QUARTER, THINGANGYUN TOWNSHIP, YANGON REGION |
| ၂၂၈ | SUNLEN INTERNATIONAL MYANMAR COMPANY LIMITED | Daw Naw Zue Zue<br>U Naing Win Aung | 12/LAKANA(N)253666<br>9/MAKANA(N)125160 | BO MYAT TUN STREET, NO.(241), NO.(10) WARD/ BOTAHTAUNG TOWNSHIP, YANGON REGION |
| ၂၂၉ | Sunny Coast Co., Ltd | Daw Nandar Oo<br>U Kyaw Oo | 13/LAYANA(N)234966<br>13/LAYANA(N)254077 | AR THAN LWIN YONE STREET, NO.29, KYAN KHIN SU QUARTER/ MINGALARDON TOWNSHIP, YANGON REGION |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

| | | | | |
|---|---|---|---|---|
| ၂၃၀ | SUNTEX ASIA COMPANY LIMITED | U Than Toe Aung | 8/KHAMANA(N)163443 | NO.98, MAK KHAYAR MINTHAR GYI MAUNG PYOE STREET, HLAING THAR YAR INDUSTRIAL ZONE-2, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Wai Yan Htet | 10/MALAMA(N)237811 | |
| ၂၃၁ | SWAN BHONE PYAE THU COMPANY LIMITED | U Khaing Zaw Hein | 7/YATANA(N)128167 | MINE YU VILLAGE, MINE YU (105) MILE VILLAGE GROUP, MUSE TOWNSHIP, SHAN STATE |
| ၂၃၂ | SWAN THEIN KHA COMPANY LIMITED | U Min Min | 5/YABANA(N)196496 | BLOCK (10), NAMMATUU ROAD, LASHIO TOWNSHIP, SHAN STATE |
| ၂၃၃ | SWANS GARDEN COMPANY LIMITED | Daw Myint | 12/LAMATA(N)011895 | LAN THIT YEIKTHAR HOUSING, BUILDING 5, ROOM 7, FIRST FLOOR, 11 QUARTER, LANMADAW TOWNSHIP, YANGON REGION |
| | | Daw Tin Tin Khine | 7/YATAYA(N)006368 | |
| ၂၃၄ | SWAN PYAE SOE SAN COMPANY LIMITED. | Daw Khin Moe Hlaing | 9/MALANA(N)183704 | (58) STREET, BETWEEN (24X25) STREET, NO.(108), FRONT OF PALACE, AUNG MYAY THAR ZAN TOWNSHIP, MANDALAY REGION |
| ၂၃၅ | SWE PYAE COMPANY LIMITED | Daw Hnin Moe Oo | 10/PAMANA(N)186600 | AUNG THU KHA STREET, NO.5, MYAWADDY, KAYIN STATE |
| ၂၃၆ | SY-TECH COMPANY LIMITED | Daw Khin Ohmar Myo | 12/OUKAMA(N)016910 | MIN YE KYAW SWAR STREET, NO(18), 14-WARD, KYAUK GONE, YANKIN TOWNSHIP, YANGON REGION |
| ၂၃၇ | Tal Bo Pin Diamond Star Co., Ltd | Daw Tint Eaindray Hlaing | 7/PAKHANA(N)443626 | NO.(226), KA NAUNG MINTHARGYI STREET, DAGON SEIK KAN INDUSTRIAL ZONE (2), YANGON REGION |
| ၂၃၈ | TAOKAE (2019) COMPANY LIMITED. | U Kaung Htet | 12/OUKATA(N)177665 | HWAYSHAN, NO.(5/84), MYAWADDY, KAYIN STATE |
| | | U Saw Min Phone Oo | 3/MAWATA(N)012666 | |
| ၂၃၉ | Taw Thar Gyi Co., Ltd | U Bo Bo Thant | 12/AHLANA(N)046164 | SIN YAY KAN STREET, NO.83, AHLONE TOWNSHIP, YANGON REGION |
| ၂၄၀ | TAW WIN CHO COMPANY LIMITED. | U Naing Naing Swe | 9/MAHTALA(N)201929 | KAUNG KHAR STREET, NAL MYAYB LARSHOW TOWNSHIP, SHAN STATE |
| ၂၄၁ | THADAR PHYU COMPANY LIMITED | U Han Win Tun | 10/MALAMA(N)229525 | NO.(315), SIN SHWE LE (3) STREET, NO.(5) QUARTER, MYAWADDY TOWNSHIP, KAYIN STATE |
| | | U Zaw Min Tun | 10/MALAMA(N)232207 | |
| ၂၄၂ | THAE NADI WINN COMPANY LIMITED. | U Zaw Zaw Aung | 9/PAMANA(N)174028 | THAPYAY CHAUNG VILLAGE GROUP, THAPYAY CHAUNG VILLAGE, MYAWADDY WARD, TAKONE TOWNSHIP, NAYPYITAW |
| ၂၄၃ | THAR HTET AUNG COMPANY LIMITED | Daw Aye Thiri Aung | 12/DAGANA(PYU)000049 | NAWADAY ROAD, NO.(15), ROOM NO.(3-A), DAGON TOWNSHIP, YANGON REGION |
| | | Daw Myo Tharki Maung | 12/DAGANA(PYU)000048 | |
| | | Daw Zar Chi Maung | 12/DAGANA(PYU)000047 | |
| | | U Tun Bo | 12/DAGANA(PYU)000032 | |
| ၂၄၄ | THAUNG HLYAN SHWE MYAY COMPANY LIMITED | U Ko Min | 9/MAYATA(N)129387 | NO.(91), 64(A) STREET, BETWEEN (119 X 120) STREET, (C ) QUARTER, PYI GYI TAGON TOWNSHIP, MANADALAY REGION |
| | | U Sai Myo Khaing | 9/MAHAMA(N)003142 | |
| ၂၄၅ | THE BEST FAMILY AUNG COMPANY LIMITED | U Khaing Htoo Aung | 12/THALANA(N)126057 | MYO PYA KWAT THIT STREET, NO.(640), THANLYIN TOWNSHIP, YANGON REGION |
| ၂၄၆ | Thein Naing Co., Ltd | Daw Pa Pa Tun | 14/MAAHPA(N)266770 | NO.(296), CHERRY STREET, HLAING THAR YAR INDUSTRIAL ZONE, YANGON REGION |
| ၂၄၇ | Theint Theint Thu Aung Co., Ltd | U Thet Paing Kyaw | 12/LATHAYA(N)003828 | NO.(86), CHIN TWIN STREET, SOUTH DAGON INDUSTRIAL ZONE, YANGON REGION |
| ၂၄၈ | THET TRADING COMPANY LIMITED. | U Aye Min Thu | 7/TANGANA(N)241001 | NO.(264), AYE ZAYDI STREET, BAMAR AYE QUARTER, DAWPON TOWNSHIP, YANGON REGION |
| | | U Win Than Htut | 12/THAKATA(N)162528 | |
| ၂၄၉ | THG STAR INTERNATIONAL COMPANY LIMITED | Daw Thandar Zaw | 9/PAMANA(N)208854 | NO.(487), ROOM(302), KHAYMAR THIRI STREET, MYITTAR NYUNT WARD, TAMWE TOWNSHIP, YANGON REGION |
| ၂၅၀ | THIRI HTUN TAUK TRADING COMPANY LIMITED. | U Khin Maung Lay | 9/KHAAHZA(N)005984 | NO.(648), MERCHANT ROAD, GROUND FLOOR, PABEDAN TOWNSHIP, YANGON REGION |
| ၂၅၁ | THUHTAY THAR COMPANY LIMITED | U Myo Min San | 7/PAMANA(N)140759 | MINE YU VILLAGE, MINE YU (105) MILE VILLAGE GROUP, MUSE TOWNSHIP, SHAN STATE |
| ၂၅၂ | THUWUNNA BUMI NET THAN COMPANY LIMITED. | Daw Thidar Oo | 12/PABATA(N)018436 | AKWET 48/49, BETWEEN (57X58)& (19X20)STREET, MINGALAR OU YIN WARD, NAN SHAE, AUNG MYAY THAR ZAN TOWNSHIP, MANDALAY REGION |
| | | U Phyo Tun Zaw | 12/SAKHANA(N)064815 | |
| ၂၅၃ | TIGER DAI COMPANY LIMITED | U Sai Thiha Nge | 13/THAPANA(N)066336 | NALMYAY(4)YWAR MA-MAN MAW ROAD, MINE YU, (105)MILE TRADE ZONE, MUSE TOWNSHIP, SHAN STATE |
| ၂၅၄ | Tiger Tun Co., Ltd | Daw Htike Htike San | 12/DAGATA(N)072971 | NO.(628). MOE MAKHA STREET, SOUTH DAGON INDUSTRIAL ZONE, YANGON REGION |
| ၂၅၅ | TOE HTET HLAING COMPANY LIMITED | U Myo Min Htet | 5/KHAOUTA(N)109396 | INTERNET STREET, MIN YU (105) MILE, MUSE TOWNSHIP, SHAN STATE |
| ၂၅၆ | TONG FU COMPANY LIMITED. | U Ko Ko Aung | 14/AHMANA(N)016812 | NAWADAY HOUSING, AKWET(21), NO(9), WARD NO(6), HLAING THARYAR TOWNSHIP, YANGON REGION |
| | | U Li Pauk Phoo | 13/LAYANA(N)084685 | |
| ၂၅၇ | TONG HONG COMPANY LIMITED | Mr.Li , Hongxin | EJ1078163 | KYANSITTHAR MAIN ROAD, NO.(1434), 13-WARD, EAST DAGON TOWNSHIP, YANGON REGION |
| | | U Thant Sin | 12/YAPATHA(N)024831 | |
| ၂၅၈ | TONGDA METAL MATERIALS COMPANY LIMITED | U Than Zaw Htwe | 12/KAMANA(N)100535 | NO.(22), U CHAIN STREET, DAGON SEIKKAN INDUSTRY ZONE(3), DAGON SEIKKAN TOWNSHIP, YANGON REGION |
| ၂၅၉ | TOP FORM MYANMAR COMPANY LIMITED. | Mr. Apiwat Chatphan | AA6353196 | MYITTA LIN MYAING ROAD, NO 614, AUNG CHAN THAR QUARTER, MYITTA LIN MYAING VILLAGE, MYAWADDY, KAYIN STATE |
| | | Mr. Michael Allen Lurer | A34749296 | |
| | | Mr. Wong Kai Chi Kenneth | KJ0391612 HKSAR | |
| ၂၆၀ | TREASURE SPHERE TRADING PRIVATE CO., LTD | U San Myint Aung | 12/MAGADA(N)095705 | KANYINPYIN CREEK, NO.665-D, LET YET SAN VILLAGE, THANLYIN TOWNSHIP, YANGON REGION |
| ၂၆၁ | TRI IRON COMPANY LIMITED. | Daw Thuzar Win | 12/MAGADA(N)209527 | NO.(2), 4TH STREET, KWET THIT QUARTER, INSEIN TOWNSHIP, YANGON REGION |
| ၂၆၂ | TRUE & TRUST MYANMAR COMPANY LIMITED | U Zin Maw Pyae | 12/DAGASA(N)009314 | 41ST (LOWER BLOCK), FIRST FLOOR (LEFT), BUILDING NO(44), BOTATAUNG TOWNSHIP, YANGON REGION |
| ၂၆၃ | TUN MYANMAR BRILLIANT COMPANY LIMITED. | Daw Khing Pann Phyu | 9/MAHTALA(N)183790 | CORNER OF AUNG ZEYA STREET & MOE KAUNG ROAD, ROOM 504, TOWER G, SHWE MOE KAUNG CONDO, YANKIN TOWNSHIP, YANGON REGION |
| | | U Thant Zin Oo | 12/AHSANA(N)161439 | |
| | | U Ye Lin Tun | 12/TAMANA(N)099318 | |
| ၂၆၄ | TUN THITE SA COMPANY LIMITED. | U Aung Nay Oo | 12/KAHAKA(N)062232 | PYIN SI MINTHAR GYI STREET, NO.(140/141), SHWE LINBAN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION. |
| | | U Lin Kyaw Min | 12/PABATA(N)029159 | |
| ၂၆၅ | U & ME MYANMAR COMPANY LIMITED. | U Pyae Phone Han | 12/DAGAHSA(N)005003 | 41 STREET, LOWER BLOCK, RM 11-15 (GROUND FLOOR), BOTATAUNG TOWNSHIP, YANGON REGION |
| | | U Zin Maw Pyae | 12/DAGAHSA(N)009314 | |
| ၂၆၆ | U Hla Maung Thar Family Co., Ltd | U Kyaw Pawe | 9/MATHANA(N)029487 | YANGONG MANDALAY ROAD, INNGONE, KYAUKSE TOWNSHIP, MANDALAY REGION |
| ၂၆၇ | U Kyaw Htay Family Co., Ltd | U Thurain Zaw | 3/MAWATA(N)071217 | NO.(116/A), CHIN TWIN STREET, SOUTH DAGON INDUSTRIAL ZONE, YANGON REGION. |
| ၂၆၈ | UNITED STANDARD COMPANY LIMITED | U Kyaw Zin @ Lout Kwae | 9/MAKANA(N)147604 | NO.297/0, YANGON MANDALAY OLD ROAD, PYAWBWE TOWNSHIP, MANDALAY REGION |
| | | Yu Wai Khine | 14/PATHANA(N)247957 | |
| ၂၆၉ | Universal Apex Networks Co., Ltd | U Kyaw Htet Lin | 12/DAGAYA(N)014598 | KYAN SIT THAR MAIN ROAD, NO.002, UNIT#04-01, UNIVERSITY AVENUE HOUSING, 110 WARD, EAST DAGON TOWNSHIP, YANGON REGION |
| ၂၇၀ | WAI KYAW LIN CO., LTD. | Daw Aye Aye Nyein | 11/PANGATA(N)096112 | PEARL STREET, NO.218, INSEIN TOWNSHIP, YANGON REGION |
| ၂၇၁ | Wei Thar Khar Mya Lay Sein Co., Ltd | Daw Aye Mya Mya Kyaw | 5/KALATA(N)000744 | 12TH STREET, MIDDLE BLOCK, NO (36), FOURTH FLOOR, WARD NO(5), LANMADAW TOWNSHIP, YANGON REGION |
| ၂၇၂ | WIN YADANAR MIN COMPANY LIMITED | U Si Thu Aung | 8/MATHANA(N)084212 | NO (733/B), KYUN SHWE MYAING (10) STREET, 18/C QUARTER, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၇၃ | WORLD MOUNTAIN EVEREST ENGINEERING GROUP COMPANY LIMITED | Daw Khin Moe Wai | 12/LAKANA(N)255782 | MINE YU (105) MILE, MUSE TOWNSHIP, SHAN STATE |
| ၂၇၄ | WORLDWIDE GOLDEN DRAGON TRADING COMPANY LIMITED | Daw May Phyu Khin | 14/HATHATA(N)323248 | NO. 33(B), MYAY NU STREET, SANCHAUNG TOWNSHIP, YANGON REGION |
| ၂၇၅ | XIN CHANG CHEMICAL INDUSTRY COMPANY LIMITED. | Daw Nyo Nyo Than | 11/THATANA(N)104270 | NO. 106, ROOM NO. 302, BO MIN YAUNG STREET, NORTH DAGON TOWNSHIP, YANGON REGION |
| | | Mr. Wu Qian | E78414051 | |
| ၂၇၆ | XJ METAL MATERIALS COMPANY LIMITED | U Kyaw Moe | 14/NGAPATA(N)275160 | NO. 83, BETWEEN TAINGDA MINGYI STREET & YAZATHINGYAN STREET, 144 QURATER, DAGON MYOTHIT (EAST) TOWNSHIP, YANGON REGION |

စာမျက်နှာ ၂၃ သို့



မူးယစ်ဆေးဝါးများတင်ဆောင်လာသည့် MDY/ 9V-54836 ထော်လာဂျီ စိမ်းပုပ်ရောင်(လိုင်စင်မဲ့)ယာဉ် မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ ယာဉ်အမှတ် MDY-20/1F-2504 TOYOTA PRADO ခဲရောင် (လိုင်စင်မဲ့)ယာဉ် မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးမှုပုံစံ မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းသည့် လမ်းကြောင်းများ ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

ဧပြီ ၄ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရမည်းသင်းမြို့မှ ပဒါန်းမြို့သို့ မူးယစ်ဆေးဝါးများပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ် ရွာတော်စစ်ဆေးရေးဂိတ်၌ တရားခံ မျိုးမင်းအောင်နှင့်အတူ TOYOTA PRADO ယာဉ်ကိုလည်းကောင်း၊ နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံ မင်းမင်းခိုင် မောင်းနှင်၍ လှိုင်ဝင်း လိုက်ပါလာသည့် ထော်လာဂျီယာဉ်ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဆာလာအိတ် ၃၉ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား သုံးဦး၊ မော်တော်ယာဉ် နှစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း (တစ်ပြားလျှင် ၁၅၀၀ ကျပ်)၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ပင်လောင်းမြို့နယ် တီဂျစ်ကျေးရွာနေ ကျော်ဝင်းအောင် ခေါ် ပအို့ဝ်(ဖမ်းဆီးရန်ကျန်)မှ ဝမ်ဟိုင်းဒေသရှိမူးယစ်ဆေးဝါးများကို ၎င်း၏အစီအစဉ်ဖြင့် ကလောမြို့နယ် ဘွန်ယွာကျေးရွာအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျော်ဝင်းအောင် ခေါ် ပအို့ဝ်(ဖမ်းဆီးရန်ကျန်)၏ ခိုင်းစေချက်ဖြင့် မျိုးမင်းအောင်၊ မင်းမင်းခိုင်၊ လှိုင်ဝင်း တို့က ဖမ်းဆီးရမိ ထော်လာဂျီယာဉ်ဖြင့် ဘွန်ယွာကျေးရွာမှတစ်ဆင့် ရမည်းသင်း-ပျော်ဘွယ်-နတ်မောက်-မကွေး လမ်းကြောင်းအတိုင်း ပဒါန်းမြို့နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ပဒါန်းမြို့နယ်မှတစ်ဆင့် ရခိုင်ပြည်နယ် အမ်းမြို့ရှိ AA သောင်းကျန်းသူအဖွဲ့ မြို့နယ်မှူးအဆင့်ရှိ(စိစစ်ဆဲ)ထံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



တရားခံ မျိုးမင်းအောင် ၄၃ နှစ်



တရားခံ မင်းမင်းခိုင် ၃၇ နှစ်



တရားခံ လှိုင်ဝင်း ၅၁ နှစ်

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများအပါအဝင် ဆက်စပ်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

စာမျက်နှာ ၂၂ မှအဆက်

| | | | | |
|---|---|---|---|---|
| ၂၇၇ | Yadanar Htay Htay Kyewl Co., Ltd | Daw Jue Jue Hlaing | 14/WAKHAMA(N)281773 | NO. 193, SABAL STREET, HLAING THAR YAR INDUSTRIAL ZONE, YANGON REGION |
| ၂၇၈ | Ye Waddy Khit Trading Co., Ltd | U Kyaw That Khaing | 5/AHYATA(N)174126 | CORNER 46 ST X 109 ST, TUN TONE QUARTER, CHAN MYA THAR ZI TOWNSHIP, MANDALAY REGION |
| ၂၇၉ | YE YINT THITSAR COMPANY LIMITED. | Daw Hnin Nwe Aye | 9/PAMANA(N)148400 | 34TH STREET, NO. 177, 5TH FLOOR, SHWE OU DAWN MIN CONDO, KYAUKTADA TOWNSHIP, YANGON REGION |
| ၂၈၀ | YON HUA COMPANY LIMITED. | Mr. Kang Yarong | E44985811 | YOMA YEIK THAR STREET, NO. 27, KYAN SIT THER INDUSTRIAL ZONE, DAGON MYHOTHIT (SOUTH) TOWNSHIP, YANGON REGION |
| | | Daw Lu Lu Aung | 1/MAKATA(N)129961 | |
| ၂၈၁ | YOUR MUSIC COMPANY LIMITED. | U Pyae Sone Aung | 3/KAKAYA(N)166892 | NO(26),THIT SAR STREET, (5) QUARTER, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U TIN WIN | 9/MALANA(N)008163 | |
| ၂၈၂ | ZABU PAI HTUN COMPANY LIMITED. | Daw Ei Ei Nyein | 9/MAHAMA(N)023399 | NO (262/8), BETWEEN (31X32) STREET, BETWEEN (85X86) STREET, MALON HTAN HLYAT TAN, CHANAYETHARZAN TOWNSHIP, MANDALAY REGION |
| | | U Sa Thet Pai Phyo | 14/WAKAMA(N)123080 | |
| ၂၈၃ | ZARNI KHIN MG LATT COMPANY LIMITED. | U Thet Paing Nyein | 6/MAMANA(N)148402 | THAN MA SAKE TA STREET, NO 69, YAR PYAE QUARTER, MYEIK TOWNSHIP, TANINTHARYI REGION |
| ၂၈၄ | Zaw Star Co., Ltd | U Myo Min Htwe | 14/PASALA(N)072547 | NO.266, MIN YE KYAW SWAR STREET, MYANGTAGAR INDSTRIAL ZONE, HMAWBI TOWNSHIP, YANGON REGION |
| ၂၈၅ | ZAY BONE KHANT EXPORT & IMPORT TRADING COMPANY LIMITED | Daw Sandi Oo | 3/MAWATA(N)026931 | NO.5, PAW SON HMWE STREET, MYAWADDY, KAYIN STATE |
| ၂၈၆ | ZIN MIN THU COMPANY LIMITED | Daw Cho Thae' | 6/KATHANA(N)085816 | 54 ST, BET (HNINSE AND GANDAMAR)ST, U PAING NO(12-KHA), BLOCK NO (BALATCHIKE-25), MYAYENANDAR QR, CHANMYATHARSI TS, MANDALAY REGION |
| | | U Chit Ko | 8/YASAKA(N)184337 | |
| ၂၈၇ | ZIN TRADING YGN COMPANY LIMITED | U Ohn Than | 14/BAKALA(N)085132 | U SHWE BIN STREET, BUILDING (2), ROOM (203), SHWE GANDAMAR HOUSING, SHWE PYI THAR, YANGON REGION |

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့်မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိ သည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးကို ထပ်မံဖမ်းဆီးရမိ




တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးကို ထပ်မံဖမ်းဆီးရမိသည့် နေရာပြပုံ။

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း လိုအပ်သည့်စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် အဆိုပါမြို့၏ အရှေ့မြောက်ဘက်မီတာ ၂၅၀၀၀ ခန့်အကွာ ကောင်းဆန်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများနှင့် နေထိုင်အသုံးပြုလျက်ရှိသည့် အဆောက်အအုံများ ရှာဖွေဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည့်သတင်းကို မေ ၄ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည်။

ယနေ့ မေ ၅ ရက်တွင်လည်း လုံခြုံရေးပူးပေါင်းအဖွဲ့များ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းဆန်ကျေးရွာအနီး ယမန်နေ့က ဖမ်းဆီးရမိခဲ့သည့် နေရာ၏ မြောက်ဘက်မီတာ ၁၂၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦးကို ထပ်မံတွေ့ရှိ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်ပါဝင်သည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**❖ ဖမ်းဆီးရမိမှ**

ဇော်ဝင်းနိုင် ခေါ် ဖိုးသားတို့အား တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ခါတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်၊ Toyota Hilux Surf ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိကဖင်းများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှ မန္တလေးမြို့သို့ Nissan ခြောက်ဘီးယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင် မတင့်တင့်အေး၊ နိုင်လင်း၊ ဖြိုးကိုကို၊ နိုင်ချိန်းအောင်တို့ လေးဦးကို မန္တလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ကဖင်းများကို ကလေးမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ ညီညီဇော် ခေါ် ဖိုးငယ်ကို ကလေးမြို့ မြို့သာရပ်ကွက်ရှိ နေအိမ်တွင် ထိန်းချုပ်ခါတုပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် SANGDA KSD MPV ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကလေးမြို့နေ ကဖင်းအိတ်များပိုင်ရှင် မခင်မို့မို့အေး ခေါ် အန်တီမိုးနှင့် ပူးပေါင်းပါဝင်ခဲ့သည့် နေမျိုးလင်း ခေါ် ရော့ကီ ခေါ် မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး ခေါ် ပါးရ်အီး၊ ခိုင်လင်းထွဋ်တို့ကို ကလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်များအရ ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ လားရင်မွှာနာ ခေါ် မွမ်သဲ၏နေအိမ်မှ ကဖင်း ၃ ဒသမ ၈ တန် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် မန္တလေးမြို့၌ ဖမ်းဆီးရမိသည့် ထိန်းချုပ်ခါတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်(တစ်ကီလိုလျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၄၁၀၀)၊ ကလေးမြို့တွင် ဖမ်းဆီးရမိသည့် ထိန်းချုပ်ခါတုပစ္စည်း ကဖင်း ၃ ဒသမ ၈ တန် (တစ်ကီလိုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံ) စုစုပေါင်း ထိန်းချုပ်ခါတုပစ္စည်း ကဖင်း ၄ ဒသမ ၈၂၅ တန် (၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၅ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။




နေမျိုးလင်း ခေါ် ရော့ကီ ခေါ် မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး ခေါ် ပါးရ်အီး၊ လားရင်မွှာနာတို့ကို ကလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ခါတုပစ္စည်း ကဖင်း ၃ ဒသမ ၈ တန်နှင့်အတူ တွေ့ရစဉ်။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ ထိန်းချုပ်ခါတုပစ္စည်း ကဖင်းများကို မြန်မာ-အိန္ဒိယနယ်စပ် ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ်မြို့မှ ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့မှ မန္တလေးမြို့သို့လည်းကောင်း တရားမဝင်တင်သွင်း သယ်ဆောင်ရောင်းဝယ်သူမှာ ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနယ်စပ်နေ မမားစောဆန်းအီး ခေါ် ဆန်းအီး ခေါ် သဲသဲ(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

---

## ထူးခြားသည့် နေ့အပူချိန်များ (၅-၄-၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၄၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် မေ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

ဝတ္ထုတိုကဏ္ဍ

# ချစ်ခြင်းဖွဲ့ အလင်္ကာ

မနှင်းဖွေး



ဂီတပညာရှင် စန္ဒရားလှထွဋ် ရေးဖွဲ့သီကုံးခဲ့တဲ့ ချစ်တယ်ဆိုတဲ့သီချင်းဟာ မြန်မာသီချင်းထဲမှာတော့ လူကြိုက်များထင်ရှားတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။

"ကမ္ဘာပေါ်မှာလူတိုင်း xxx ပြောဖူးကြတဲ့စကား တစ်ခွန်းရှိတယ် xxx အဲဒါဟာ ချစ်တယ်တဲ့ xxx အဘိုးကလဲ အဘွားကို ချစ်တယ်ပြောမှာပဲ xxx အဖေကလဲ အမေ့ကို ချစ်တယ် ချစ်တယ်တဲ့ xxx ကိုယ်ကလဲ မင်းကို…"

အဲဒီသီချင်းကို ဦးလှထွဋ်ကိုယ်တိုင်ဆိုခဲ့တုန်းကလဲ ကောင်းတာပဲ။ အဆိုတော် မင်းသားကြီး သုမောင်ဆိုတော့လဲ ကောင်းတာပဲ။ ဖိုးသောကြာဆိုတော့လဲ ကောင်းတာပဲ။ ကော်နီဆိုတော့လဲ ကောင်းနေတာပါပဲ။ သီချင်းအေးအေးလေးမို့ ဘယ်သူဆိုဆို နားဝင်ချိုနေတာလားမသိပါဘူး။ အချစ်ရဲ့ သဘောကို ရိုးရိုးလေးဖွဲ့ဆိုထားလို့ မရိုးနိုင်တာထင်ပါရဲ့။ ကျွန်မကတော့ အဲဒီသီချင်းကို ကြားမိတိုင်း သွားလေသူအဘိုးနဲ့အဘွားကို အမြဲလိုလို ပြေးပြေးပြီး သတိရနေမိပါတယ်။

ကျွန်မအဘိုးဟာ အသက် ၈၀ မှာ ကွယ်လွန်ခဲ့ပြီး အဘွားကတော့ အသက် ၇၅ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ အဘိုးနဲ့ အဘွားတို့ရဲ့ အိမ်ထောင်သက်က နှစ် ၅၀ ရှိပြီး သားသမီးလေးယောက် ထွန်းကားခဲ့ပါတယ်။ ကျွန်မအဖေက အဘိုး၊ အဘွားတို့ရဲ့ သားကြီးဩရသဖြစ်သလို ကျွန်မက အဘိုး၊ အဘွားရဲ့ မြေးဦးကလေးပေါ့။

အိမ်ထောင်သက် နှစ် ၅၀ အတွင်းမှာ အဘိုးနဲ့ အဘွားဟာ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာနဲ့ ခေါ်ခေါ်ပြောပြော ဆက်ဆံတာ ၁၅ နှစ်ပဲ ရှိပါတယ်။ အဲဒီနောက်ပိုင်း တစ်ယောက်နဲ့တစ်ယောက်စကားမပြောကြတာ သူတို့ကွယ်လွန်တဲ့ အချိန်ထိပါပဲ။ နှစ်ကိုတွက်စစ်ရင် ၃၅ နှစ်တိတိ ကြာတယ်ပဲပြောပါတော့။

တစ်အိမ်တည်းနေပြီး စကားမပြောတာ ၃၅ နှစ်တောင်ကြာတာ ဟုတ်ကောဟုတ်ရဲ့လားလို့ တချို့က သံသယနဲ့မေးချင်ကြမယ်။ မေးသူကို ဟုတ်လိုက်တာမှ ဟုတ်ဟုတ်၊ ဟုတ်ဟုတ်နဲ့တောင် မြည်နေပါသေးတယ်လို့ ကျွန်မက အခိုင်အမာပြောလိုက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဘိုးနဲ့အဘွား စကားမပြောကြတဲ့အတွက် သူတို့ တစ်ယောက်နဲ့တစ်ယောက် ပြောစရာရှိရင် ပုဏ္ဏားတိုင်လုပ်ပေးရသူဟာ ကျွန်မ ကိုယ်တိုင်ဖြစ်ခဲ့လို့ပါပဲ။

အဘိုးက ပစ္စည်းတစ်ခုခုမတွေ့လို့ အဘွားကို မေးချင်ရင် သူနဲ့ နီးနီးနားနားမှာရှိတဲ့အဘွားကို တိုက်ရိုက်မမေးပါဘူး။ ခပ်လှမ်းလှမ်းရောက်နေတဲ့ ကျွန်မကိုသာ အသံမြှင့်ပြီးလှမ်းမေးပါတယ်။

"ထားထားရေ….အဘိုးမနက်က ဒီတိုင်မှာချိတ်ထားတဲ့ ပင်နီတိုက်ပုံအင်္ကျီ ဘယ်ရောက်သွားလဲဟဲ့"

တကယ်တော့ အဘိုးတိုက်ပုံ ဘယ်ရောက်သွားမှန်း ကျွန်မဘယ်သိမှာလဲ။ အဲဒီတုန်းက ကျွန်မ အသက်က ငါးနှစ်၊ ခြောက်နှစ်လောက်ရှိအုံးမှာပေါ့။ ကလေးပေါ့။ ဒါပေမဲ့ အဘိုးမေးချင်သူက အဘွား ဆိုတာကိုသိနေတဲ့ကျွန်မက အဘွားကို တစ်ဆင့် မေးပေးရပါတယ်။

"အဘွား အဘိုးကမေးနေတယ်။ မနက်က တိုင်မှာချိတ်ထားတဲ့ ပင်နီတိုက်ပုံအင်္ကျီ ဘယ်ရောက်သွားလဲတဲ့"

အဘွားက အဘိုးစမေးကတည်းက သူ ကြားနေတာပဲ။ ဒါပေမဲ့မဖြေဘူး။ ကျွန်မကတစ်ဆင့်မေးတော့မှပဲဖြေတယ်။

"လျှော်ဖို့ ဆပ်ပြာအိုးထဲ စိမ်ထားတယ်လို့ပြောလိုက်"

ကျွန်မတို့ငယ်စဉ်က ဆပ်ပြာမှုန့်ဆိုတာမရှိပါဘူး။ အဝတ်လျှော်ချင်ရင် ဆင်ချေးတုံးဆိုတဲ့ ဆပ်ပြာခဲ မည်းမည်းနဲ့ တိုက်လျှော်ချင်လျှော်၊ မလျှော်ချင်ရင် ဒန်အိုးကြီးကြီးထဲ ဆပ်ပြာခဲကို ဓားနဲ့ ပါးပါးလှီးထည့်ပြီး ရေများများနဲ့ပြုတ်၊ ဆပ်ပြာတွေ အရည်ပျော်ကုန်တော့မှ အဝတ်ပေတွေထည့်စိမ်၊ ကြေးကျွတ်အောင် မီးဖိုပေါ်မှာ မီးအေးအေးနဲ့ ပစ်ထားလိုက်သေးတယ်။ အဲဒီလိုပဲလျှော်ကြတယ်။ အခုလဲ အဘွားက အဘိုးရဲ့တိုက်ပုံကို မီးဖိုပေါ်ကဆပ်ပြာအိုးထဲ ထည့်စိမ်ထားတဲ့အကြောင်းဖြေပါတယ်။

"ဒုက္ခပါပဲ။ အဲဒီအင်္ကျီက ဘယ်မှာပေသေးလို့တုံး။ ဝတ်လို့ရနေသေးတဲ့ဟာ။ အဝတ်ဆိုတာ လျှော်တိုင်းကောင်းတာမဟုတ်ဘူးမိထားရဲ့"

"အဘွား အဘိုးကပြောတယ်။ အဲဒီအင်္ကျီက ဘယ်မှာပေသေးလို့တုံးတဲ့။ ဝတ်လို့ရနေသေးတဲ့ဟာတဲ့။ အဝတ်ဆိုတာ လျှော်တိုင်းကောင်းတာမဟုတ်ဘူးတဲ့"

"ထားထား အဝတ်ဆိုတာ လျှော်တိုင်းမကောင်းမှန်း အဘွားသိတယ်။ နံစော်ပြီး ကြေးလက်လေးသစ်တက်နေလို့ယူလျှော်တာ။ မကျေနပ်ရင် ဆပ်ပြာအိုးထဲမှာရှိတယ်။ ခုချက်ချင်း ပြန်ယူလိုက်လို့ပြောလိုက်"

"အဘိုး အဘွားက အဝတ်ဆိုတာ လျှော်တိုင်းမကောင်းမှန်းသိတယ်တဲ့။ နံစော်ပြီး ကြေးလက်လေးသစ်တက်နေလို့ ယူလျှော်တာတဲ့။ မကျေနပ်ရင် ဆပ်ပြာအိုးထဲမှာရှိတယ်။ ခုချက်ချင်းပြန်ယူလိုက်တဲ့"

"ဩော်… ဆပ်ပြာအိုးထဲရောက်နေမှ ပြန်ယူလို့ ဘယ်ဖြစ်တော့မှာလဲမြေးရဲ့"

"အဘွား အဘိုးက ဆပ်ပြာအိုးထဲရောက်နေမှ ပြန်ယူလို့ ဘယ်ဖြစ်တော့မှာလဲတဲ့"

"အေး…ပြန်ယူလို့မဖြစ်ရင် လျှာရှည်ပြီး ဘာမှ ဆက်ပြောမနေနဲ့လို့ပြောလိုက်"

"အဘိုး…ပြန်ယူလို့မဖြစ်ရင် လျှာရှည်ပြီး ဘာမှ ဆက်မပြောနဲ့တဲ့"

"လျှာက ရှည်ချင်လို့ရှည်တာမဟုတ်ပါဘူး မြေးရယ် အဘိုးက စေတနာနဲ့ပြောတာပါ။ မလိုအပ်ဘဲ လျှော်ရင် လျှော်တဲ့သူ အလကားပင်ပန်းတာပေါ့"

"အဘွား အဘိုးက လျှာက ရှည်ချင်လို့ရှည်တာ မဟုတ်ပါဘူးတဲ့။ စေတနာနဲ့ပြောတာပါတဲ့။ မလိုအပ်ဘဲလျှော်ရင်လျှော်တဲ့လူ အလကားပင်ပန်းတာပေါ့တဲ့"

"ဟွန်း…လာလာချည်သေး။ အပိုစကားများတော့ ပြောတတ်ပ။ ဘေးလူကြားရင် အလွန်စေတနာကောင်းတယ်လို့ထင်စရာပဲ။ လူချီးမွမ်းလဲခံချင်သေးထင်ပါရဲ့။ အဲဒီလို အပေါ်ယံရွှေမှုန်ကြဲပြီး အထဲက နောက်ချေးခံတဲ့ အကျင့်စရိုက်မျိုးလောက် မုန်းတာမရှိဘူး။ လူတွေအကြောင်းများ မသိရင်ခက်မယ်"

နောက်တော့ အဘွားက ဆိုင်တာတွေကော၊ မဆိုင်တာတွေကော၊ ကျွန်မနားလည်တာကော၊ နားမလည်တာတွေကော တဖျစ်တောက်တောက်နဲ့ အရှည်ကြီးပြောတော့ ကျွန်မလဲ အဘိုးကို တစ်ဆင့် ပြန်မပြောတတ်တော့ဘူး။ ကျွန်မပြောမပေးတော့ အဘိုးလဲဘာမှမတုံ့ပြန်နိုင်တော့ဘူးပေါ့။ ဒီတော့မှ အဘိုးနဲ့ အဘွား စကားပြောဆိုမှုကိစ္စ အဆုံးသတ်သွားပါတော့တယ်။

အဲဒါ အဘိုးဘက်က စပြောတာ။ အဘွားဘက်က စပြောတာလဲ ရှိသေးတယ်။

"ထားထား…ညည်းအဘိုးကိုပြောလိုက် ထမင်းပွဲပြင်ပြီးပြီလို့"

အဘိုးနဲ့အဘွားက ထမင်းလက်ဆုံတော့ စားလေ့မရှိပါဘူး။ အဘိုးကိုအရင်ကျွေးပြီးမှ အဘွားက သတ်သတ်စားတယ်။ အဘွားဟာ အဘိုးအတွက် ထမင်းချိန်ထမင်း၊ ဟင်းချိန်ဟင်း၊ ကော်ဖီချိန်ကော်ဖီ၊ လက်ဖက်ရည်ချိန် လက်ဖက်ရည် မှန်မှန်တော့ ပြင်ဆင်ပေးတယ်။

ကျွန်မရဲ့တာဝန်က အဘိုးနဲ့အဘွားကြားမှာ အခုခေတ်အခေါ် ဆက်သွယ်ရေးအရာရှိ(Liaison Officer) လုပ်နေရသူဆိုတော့ ခြံထဲမှာ နှင်းဆီပင်တွေကို ပေါင်းသင်၊ ရေလောင်းနေတဲ့အဘိုးကို မီးဖိုပြတင်းပေါက်ကနေ လှမ်းအော်ခေါ်ရတယ်။

"အဘိုးရေ…အဘွားက ထမင်းပွဲပြင်ပြီးပြီတဲ့"

"ဟင်… ဘယ်အချိန်ရှိသေးလို့ ထမင်းပွဲကပြင်ရတာတုံး"

"အဘွား အဘိုးက ဘယ်အချိန်ရှိသေးလို့ ထမင်းပွဲက ပြင်ရတာတုံးတဲ့"

"ခြောက်နာရီထိုးပြီ။ လူတွေ ညနေစာစားတဲ့ အချိန်ရောက်လို့ ပြင်တာလို့ ပြောလိုက်"

"အဘိုး ခြောက်နာရီထိုးပြီတဲ့။ လူတွေ ညနေစာစားတဲ့အချိန်ရောက်လို့ပြင်တာတဲ့"

"လူတွေညနေစာစားတဲ့အချိန်ရောက်ပေမဲ့ အဘိုးကတော့ မဆာသေးလို့ မစားနိုင်သေးဘူး ငါ့မြေးရေ"

"အဘွား အဘိုးက လူတွေညနေစာစားတဲ့အချိန်ရောက်ပေမဲ့ မဆာသေးလို့ မစားနိုင်သေးဘူးတဲ့ အဘွား"

"ဩော်… ဒီလိုလား ရတယ်။ တစ်သက်လုံး မဆာလို့မစားနိုင်ရင် သာတောင်ကောင်းသေးတယ်"

အဘွားက ပြောပြောဆိုဆို ထမင်းပန်းကန်ထဲက ထမင်းတွေကို ထမင်းအိုးထဲ၊ ဟင်းပန်းကန်ထဲက ဟင်းတွေကို ဟင်းအိုးထဲ ဆောင့်ဆောင့်အောင့်အောင့်နဲ့ ပြန်ထည့်နေပါတယ်။ ကျွန်မကတော့ တာဝန်ရှိတဲ့အတိုင်း ပြောစရာရှိပြောပေးရတာပေါ့။

"အဘိုး အဘွားက ဩော်… ဒီလိုလားတဲ့။ ရတယ်တဲ့။ တစ်သက်လုံး မဆာလို့မစား….."

ကျွန်မဘာသာပြန်လို့မှမပြီးခင် အဘွားက စိတ်ဆိုး၊ မာန်ဆိုးနဲ့ ဆက်ပြီးရေရွတ်ပါတယ်။

"အခံ့သားလဲထိုင်စားသေး၊ ကြေးကလဲများသေး၊ သူ့ကိုယ်သူ ဘာများမှတ်နေလဲမသိဘူး။ ဟိုအချိန်မစားနိုင်ရတာနဲ့၊ ဒီအချိန်မစားနိုင်ရတာနဲ့၊ ဟိုဟင်းမကြိုက်တာနဲ့၊ ဒီဟင်းမကြိုက်ရတာနဲ့ သူများကို အားနာတဲ့စိတ် တစ်စက်မှမရှိဘူး။ ကိုယ်ချင်းစာစိတ်လဲ နည်းနည်းမှမရှိဘူး"

အဲဒီလို ခပ်ရှည်ရှည်ရေရွတ်ပြီဆိုတော့ ကျွန်မလဲ အဘိုးကို ပြန်မပြောတတ်တော့ဘူး။ ဒီတော့ အဘိုးနဲ့ အဘွားရဲ့ စကားစမြည်ပြောဆိုမှုဟာ အဲဒီမှာပဲ တစ်ခန်းရပ်သွားပြန်ပါတယ်။

ငယ်ငယ်တုန်းကတော့ အဘိုးနဲ့ အဘွားတို့နှစ်ယောက်ဆက်ဆံရေးမှာ အဘွားဘက်က နည်းနည်းလွန်တယ်လို့ထင်ခဲ့မိတယ်။ အဘွားက အဘိုးကို အမြဲလိုလို မကျေမနပ်ဖြစ်ပြီး ဂျစ်တိုက်နေတာကိုး။ ဘယ်တော့မှလဲ အကောင်းမမြင်သလို ဘယ်တော့မှလဲ အကောင်းမပြောဘူး။

ကျွန်မ ဆယ်တန်းရောက်မှ အဘွားရဲ့ညီမ ဘွားလေးထွေးပြောပြလို့ အဘိုးတို့အဘွားတို့ဇာတ်လမ်းကိုသိခွင့်ရပြီး အဘွားကို နားလည်သွားတော့တာ။ အဘိုးက အဘွားခွင့်မလွှတ်နိုင်တဲ့ အမှားတစ်ခုကို ကျူးလွန်ခဲ့တာကိုး။

ဆက်လက်ဖော်ပြပါမည်။

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မော်လိုက် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၇၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၉၁၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၅၅၈ ဧက စုစုပေါင်း ၁၄၇၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ နှမ်း ၁၄၇၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဝလုံးကဏန်း ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဝလုံးကဏန်း ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဝလုံးကဏန်းပိဿာချိန် ၃၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဝလုံးကဏန်း ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မတ်လအတွင်း ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဝလုံးကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဝလုံးကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာ ဝလုံးကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ဝလုံးကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဝလုံးကဏန်း တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# သရက်မြို့နယ် ပေါက်ပင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဧပြီ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းမငယ်ကျေးရွာအုပ်စု ပေါက်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပေါက်ပင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# ထမ်းရွက်သယ်ပိုး ပရအကျိုး

\- ကိုယ့်တွက်သာ မငဲ့ကွက်
ပရအတွက် ရှေ့တန်းတင်၊
လူ့ပြည်ရွာ ပရအကျိုး
သယ်ပိုးကာပင်၊
မာန်မာန ရှောင်ဖယ်ကြဉ်
လူ့ဘဝတွင် နေထိုင်သွား၊
ရိုးသားစွာ ဘဝလမ်းကို
ဖြတ်သန်းစို့လား။

\- ဆင်ခြင်ဉာဏ် အသိတရားနဲ့
သတိထား အမှားအမှန်၊
ကောင်းရာကို တွေးကြံပြု
ရှေးရှုရှင်သန်၊
မေတ္တာတရား အခြေခံ
လူ့ရပ်ထံ လျှောက်လှမ်းမနေး၊
အားနည်းသူကို ဖေးကူမ
လမ်းပြစို့လေး။

\- ပရစိတ်ကို ရင်မှာမွေးလို့
ကြင်နာပေး လူတိုင်းအပေါ်၊
ကိုယ်နှင့်ယှဉ် နှိုင်းစာလျက်
ရှေ့ဆက်စဉ်နော်၊
မြတ်တရား ကျင့်သုံးပျော်
လူကောင်းလူတော် စိတ်မွေးရင်း၊
လူ့ဝန်းကျင် အလှတိုးအောင်
ကြိုးစားပါမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# ရေကြည်မြို့နယ် ကြာကန်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ရေကြည် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကြာကန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကြာကန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ဆောင်ရွက်ပြီး ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြာကန်ကျေးရွာတွင် လမ်းတစ်ဖက်လျှင် အရှည်ပေ ၅၀၀၊ အကျယ် ၂ ဒသမ ၆ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၇၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ၁၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၉၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံ ၄၇၅၄ ဧကထိ ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံ ၄၇၅၄ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဂျုံ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၇၅၄ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဂျုံ ၇၂၅၆ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ဂျုံခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိဧက ၄၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ လုပ်ခဲ့ပါတယ်။ ဂျုံသီးနှံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံများအထွက်နှုန်း တိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟိုပုံးမြို့နယ် လိုက်ကွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး ဧပြီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စံဖူးကျေးရွာ အုပ်စု လိုက်ကွန်းကျေးရွာ၌ ဧပြီ ၄ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က လိုက်ကွန်း ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက လိုက်ကွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဇနုဖြူ ဧပြီ ၅**

ရောဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလ အတွင်းက ဖီးကြမ်းငှက်ပျော အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ အများအပြား ရန်ကုန်ဘက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချတာပါ။ ဒေသတွင်းမှာကို ငှက်ပျောတွေက ဝယ်ယူမှုအားကောင်းနေတဲ့ အခြေအနေ ရှိပါတယ်"ဟု ဇနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ငှက်ပျောများ အရောင်းအဝယ်ကောင်းမွန်နေသည့် အတွက် ငှက်ပျောစိုက် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ဇနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် တောင်ဇလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဧပြီ ၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန်ရည်ရွယ်၍ တောင်ဇလဲကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့်ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းစာရင်းဇယားဖြည့်သွင်းထားရှိမှု အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တောင်ဇလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာတွင် VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပွင့်ဖြူ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်ခုနစ်ဦးကိုရွေးချယ်၍ ကော်မတီဝင်များတာဝန်ယူရမည့် လုပ်ငန်းများ၊ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

အဆိုပါ ရွှေဘိုရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး။ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# မေယွန်မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ချော်ရည်များကြောင့် မီးတောင်အောက်ခြေတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား



**မနီလာ ဧပြီ ၅**

ဖိလစ်ပိုင်နိုင်ငံ အယ်ဘေစီရင်စုရှိ မေယွန်မီးတောင် ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ချော်ရည်များကြောင့် မေယွန်မီးတောင် အောက်ခြေတွင် မီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေကြောင်း Philippine Institute of Volcanology and Seismology (PHIVOLCS) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မေယွန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံတွင် သက်ဝင်လှုပ်ရှားမှု နှုန်း အမြင့်မားဆုံးသော မီးတောင်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားလေ့ရှိသည့် မီးတောင်လည်းဖြစ်ကြောင်း၊ ဇန်နဝါရီလကတည်းက သက်ဝင်လှုပ်ရှားမှုရှိနေပြီး မီးတောင်ပေါက်ကွဲမှု လက္ခဏာပြနေသည်မှာ ရက်ပေါင်း ၈၇ ရက်တိုင်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ လီဂပ်ဇီမြို့တွင် အခြေစိုက်သည့် မေယွန်မီးတောင်စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများက အလှည့်ကျ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"မေယွန် မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာတဲ့ ချော်ရည်တွေကြောင့် မီးတောင်အောက်ခြေဘက်ပိုင်းမှာ မီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ မီးတောင်အောက်ခြေမှာ လောင်ကျွမ်းနေတဲ့ မီးဖြစ်တဲ့အတွက်ကြောင့် အဲဒီမီးကို သွားရောက်ထိန်းချုပ်ဖို့ဆိုတာတော့ ခက်ခဲပါလိမ့်မယ်။ မီးတောင်နဲ့လှမ်းတဲ့ နေရာတွေထိ ကူးစက်လောင်ကျွမ်းလာတဲ့ မီးကိုပဲငြိမ်းသတ်ဖို့ ကြိုးစားပေးနိုင်မှာ ဖြစ်ပါတယ်" ဟု Philippine Institute of Volcanology and Seismology (PHIVOLCS)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# လာအိုနိုင်ငံတွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ထုတ်ပြန်

**ဗီယင်ကျန်း ဧပြီ ၅**

လာအိုနိုင်ငံတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

လာအိုနိုင်ငံတွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေချိန်တွင် လေထုညစ်ညမ်းမှုအခြေအနေကို ပိုမိုဆိုးရွားစေသည့် တောမီးလောင်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၆ ခုနှစ် ပထမသုံးလအတွင်း တစ်နိုင်ငံလုံးတွင် တောမီးလောင်ကျွမ်းမှု ၁၆၀၀၀ ကျော် ဖြစ်ပွားခဲ့ကြောင်း လာအိုသစ်တောဌာနက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင် လေညစ်ညမ်းမှုများ အန္တရာယ်ရှိသောအဆင့်သို့ မြင့်တက်လာသည်နှင့်အမျှ နယ်စပ်ဖြတ်ကျော် မီးခိုးမြူများကြောင့် လေထုအရည်အသွေးကျဆင်းကာ ကျန်းမာရေးဆိုင်ရာအန္တရာယ်များ ဆိုးရွားစွာဖြစ်ပေါ် လျက်ရှိသည်။

ဧပြီလ ပထမပတ်အတွင်း တောမီးလောင်ကျွမ်းမှု ၁၀၀၀ ခန့် ဖြစ်ပွားခဲ့ပြီး အာဏာပိုင်များက မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းမှာ သစ်တောခုတ်ထွင်မီးရှို့ခြင်း၊ မြက်ခင်းပြင်မီးရှို့ခြင်းများကြောင့်ဟု ဆိုကြသည်။

လက်ရှိ နိုင်ငံတစ်ဝန်း လေထုအရည်အသွေးသည်ဘေးကင်းရေးစံနှုန်းများကို ကျော်လွန်နေကြောင်း၊ ကျန်းမာရေးကျွမ်းကျင်ပညာရှင်များက ပြည်သူလူထုကို အပြင်သွားပါက မက်စ်တပ်ရန်၊ ပြင်ပလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရန် အကြံပြုထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ပါကစ္စတန်နိုင်ငံ ဘယ်လိုချီစတန်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူခုနစ်ဦးထက်မနည်းသေဆုံး

**အစ္စလာမ်မာဘတ် ဧပြီ ၅**

ပါကစ္စတန်နိုင်ငံ ဘယ်လိုချီစတန်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူခုနစ်ဦးထက်မနည်း သေဆုံးပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ လူဦးရေ မြင့်တက်နေကြောင်း Disaster Management Authority က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်း မတ်လနောက်ဆုံးအပတ်မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေခြင်းဖြစ်ပြီး လူနေအိမ်သောင်းနှင့်ချီ၍ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ သို့သော်လည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ထပ်မံ၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ထားသော ဧရိယာရှိနေဆဲဖြစ်သည့်အတွက်ကြောင့်လည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော စာရင်းကို ထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း၊ ဘယ်လိုချီစတန်စီရင်စုရှိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ခရိုင်များမှာ ဟာနိုင်ခရိုင်၊ ကိုဟလူခရိုင်၊ တာဘတ်ခရိုင်၊ ဂျက်ဖာရာဘတ်ခရိုင်၊ လိုရာလိုင်ခရိုင်၊ ကက်ချီခရိုင်၊ နာစီရာဘတ်ခရိုင်၊ ဂျယ်လ်မက်စီခရိုင်၊ ဒီရာဘတ်တီခရိုင်၊ စီဘီခရိုင်နှင့် ဘိုလန်ခရိုင်တို့ဖြစ်ကြောင်း Disaster Management Authority က မတ် ၄ ရက်တွင် အတည်ပြုထုတ်ပြန်သွားခဲ့သည်။

ကက်ချီခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် လူနေအိမ်ခြေများ ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုနှုန်း အမြင့်မားဆုံးသော ခရိုင်အဖြစ်လည်း သတ်မှတ်ခံထားရကြောင်း၊ မိုးရွာသွန်းနေဆဲ ဖြစ်သည့်အတွက်ကြောင့် ရေဘေးအန္တရာယ် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းထားခြင်း မရှိသေးသည့်အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသောပြည်သူများကို နေရပ်သို့ပြန်ခွင့် မပြုသေးကြောင်း Disaster Management Authority က ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၂ ဦးထိရှိလာပြီး လေးဦးဒဏ်ရာရရှိခဲ့

**ကဘူးလ် ဧပြီ ၅**

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၂ ဦးထိရှိလာပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Ham-dullah Fitrat က ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါငလျင်ကြောင့် မြို့တော်ကဘူးလ်အပါအဝင် အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် ပန်ဂျ်ရှီယာ၊ လိုဂါ၊ နန်ဂါဟာ၊ လာဂ်မန်နှင့် နူရစ္စတန်ရှိ ရပ်ရွာများစွာကို သက်ရောက်မှုရှိခဲ့ကြောင်း၊ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် လူနေအိမ် ၃၈ လုံး ပျက်စီးခဲ့ပြီး အိမ်ထောင်စုဦးရေ ၄၀ ထိခိုက်ခဲ့ရကြောင်း သိရသည်။

ငလျင်ဗဟိုချက်သည် ၁၈၆ ဒသမ ၄ ကီလိုမီတာအနက်တွင်ရှိပြီး ဘာဒါရှန်ပြည်နယ် မြောက်ပိုင်းရှိ ဂျူမ်ခရိုင်၏ တောင်ဘက် ၃၅ ကီလိုမီတာ အကွာတွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၃၆ ဒသမ ၅၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၇၀ ဒသမ ၈၅ ဒီဂရီတွင်ရှိကြောင်း သိရသည်။



လက်ရှိတွင် အာဏာပိုင်များက ထိခိုက်ပျက်စီးမှုအခြေအနေများကို ဆက်လက်စစ်ဆေးနေပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူဦးရေသည် ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးအဖွဲ့များကို ထိခိုက်မှုအများဆုံး ဖြစ်ပွားသည့်ဒေသများသို့ ချက်ချင်းပို့ဆောင်ထားပြီး အရေးပေါ်အကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ ထို့ပြင် အပျက်အစီးများအောက်တွင် ပိတ်မိနေသည့်လူများကို ကူညီကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၅ ခရိုင်ထိ အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်နေရ

**ဒါကာ ဧပြီ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကို ၁၅ ခရိုင် ရင်ဆိုင်နေရကြောင်း Bangladesh Meteorological Department (BMD) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်နေရသည့် ခရိုင်များတွင် အပူလှိုင်းသည် ကာလရှည်အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်ရနိုင်ပြီး အပူချိန်မှာ ၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ တန်ဂယ်လ်ခရိုင်၊ ဂိုပယ်လ်ဂန်ခရိုင်၊ ရာဂျာဟိုင်ခရိုင်၊ ဘက်နာခရိုင်နှင့် ပါတူအာကာလီခရိုင်တို့တွင် အပူချိန် စံချိန်တင် မြင့်တက်လျက်ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းနေသည့် ၁၅ ခရိုင်အနက် အဆိုပါငါးခရိုင်တွင် အပူချိန်မြင့်တက်မှုမှာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

"ဧပြီ ၄ ရက်ကနေစတင်ပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း အပူလှိုင်းဖြတ်သန်းတာတွေ ဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းနေတဲ့ ခရိုင်ပေါင်း ၁၅ ခရိုင်ထိ ရှိနေပါတယ်။ အပူချိန်အမြင့်ဆုံး မြင့်တက်နေတဲ့ ငါးခရိုင် ရှိနေပါတယ်။ အပူချိန်အမြင့်ဆုံး မြင့်တက်နေတဲ့ ငါးခရိုင်မှာ အပူချိန်ပမာဏဟာ ၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ အပူလှိုင်းဟာ ဧပြီ ၈ ရက်ထိ ကြာမြင့်သွားနိုင်ပါတယ်" ဟု BMD မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ရာဟီနူလ်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ပေါက်ပေါက်

# နွေရာသီအတွက် အလှပြင်နည်းလမ်းကောင်းများ

အယ်လ်နီညို ဖြစ်စဉ်ကြောင့် တစ်နှစ်ထက် တစ်နှစ် အပူရှိန်မြင့်မားကာ ထူးခြားသည့် နေ့အပူချိန်များအဖြစ် မတ် ၂၆ ရက်နေ့ တိုင်းတာရရှိသော မှတ်တမ်းအရ မင်းဘူးမြို့တွင် ၄၁ ဒသမ ၂ ဒီဂရီ ဆဲလ်စီယပ်၊ ချောက်မြို့တွင် ၄၀ ဒသမ ၆ ဒီဂရီ ဆဲလ်စီယပ်၊ ဆင်ဖြူကျွန်းမြို့တွင် ၄၀ ဒသမ ၅ ဒီဂရီ ဆဲလ်စီယပ်၊ မြဝတီမြို့တွင် ၄၀ ဒသမ ၃ ဒီဂရီ ဆဲလ်စီယပ်၊ မြင်းခြံမြို့တွင် ၄၀ ဒသမ သုည ဒီဂရီ ဆဲလ်စီယပ်၊ မကွေးမြို့တွင် ၄၀ ဒသမ သုည ဒီဂရီ ဆဲလ်စီယပ်၊ အောင်လံမြို့တွင် ၄၀ ဒသမ သုည ဒီဂရီ ဆဲလ်စီယပ်၊ ဘားအံမြို့တွင် ၄၀ ဒသမ သုည ဒီဂရီ ဆဲလ်စီယပ်၊ ရွှေကျင်မြို့တွင် ၃၉ ဒသမ ၉ ဒီဂရီ ဆဲလ်စီယပ်၊ တံတားဦးမြို့တွင် ၃၉ ဒသမ ၈ ဒီဂရီ ဆဲလ်စီယပ် အသီးသီး ရှိနေပါတယ်။

အထူးသတိပြုရမဲ့အချက်မှာ အကယ်၍ လူတစ်ယောက် နေ့အပူချိန် ၁၀၆ ဒီဂရီဖယ်ရင်ဟိုက် (၄၁ ဒီဂရီ စင်တီဂရိတ်)တွင် အပူဒဏ်ကို အချိန်ကြာကြာခံရပါက ဦးနှောက်ကလပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ တကယ်လို့ လူတစ်ယောက် အပူချိန် ၁၀၉ ဒီဂရီဖယ်ရင်ဟိုက် (၄၃ ဒီဂရီစင်တီဂရိတ်)တွင် နေပူထဲမှာ အချိန်ကြာကြာနေရပါက အသက် သေဆုံးနိုင်ပါတယ်။ ဒါ့ပြင် နေ့အပူချိန်မြင့်တက်တာရဲ့ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (Ultra-Voilet Index) မြင့်မားတာ၊ အပူဒဏ် (Heat Stress) ခံစားရတာ၊ လူရဲ့ခံနိုင်တဲ့အပူချိန်ကို ကျော်လွန်သည့် အပူဒဏ် (High Heat Index) ခံစား ရတာကို ဖြစ်စေ နိုင်ပါတယ်။

ပူပြင်းလှတဲ့ နေ့အပူချိန်နဲ့အတူ ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာပါလာလေ့ရှိပါတယ်။ ဒီခရမ်းလွန်ရောင်ခြည်က အရေပြားရဲ့ အနက်ရှိုင်းဆုံးထိ ထိုးဖောက်ဝင်ရောက်ကာ အရေပြားဆဲလ်တွေကို တိုက်ခိုက်စေပါတယ်။ ဒါကြောင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း အပြင်ထွက်တဲ့အခါ ထီး၊ ဦးထုပ်ဆောင်းတာ၊ နေကာမျက်မှန်တပ်တာ၊ ပွရောင်းရောင်းချည်ထည်ဝတ်တာ၊ အရောင်ဖျော့ဖျော့ အင်္ကျီလက်ရှည် ဝတ်ဆင်ထားသင့်ပါတယ်။ ဒါမှသာ ခရမ်းလွန်ရောင်ခြည်ဘေးကြောင့် အရေပြားလောင်တာနဲ့ အရေပြားကင်ဆာဘေးအန္တရာယ်တွေက ကြိုတင်ကာကွယ်နိုင်ပါလိမ့်မယ်။

ဒါ့ပြင် တစ်နေ့တခြား သိသိသာသာပူနွေးလာတဲ့ ကမ္ဘာကြီးအတွက် ဥတုရာသီတိုင်းမှာ မိမိအသားအရေကို နေလောင်ဒဏ်ကိုကာကွယ်တဲ့ ခရင်မ်လိမ်းကာ စောင့်ရှောက်ဖို့လိုပါတယ်။ မိတ်ကပ်အလှပစ္စည်းတွေဟာ အမျိုးသမီးတွေအတွက် မရှိမဖြစ်အဖော်မွန်ပါ။ ဒါကြောင့်လဲ နွေ၊ မိုး၊ ဆောင်း ဥတုအလီလီ ပြောင်းလဲသွားပါစေ မပြောင်းလဲတာတစ်ခုကတော့ အမျိုးသမီးတွေ မိတ်ကပ်လိမ်းခြယ်ကြတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြောင်းလဲနေတဲ့ ရာသီဥတုနဲ့ သဟဇာတဖြစ်အောင် လျော်ကန်သင့်မြတ်တဲ့ အလှပြင်ပစ္စည်းအမျိုးအစားတွေကို ရွေးချယ်တတ်ပါမှ တစ်နေ့တာလုံး လှပနေမှာဖြစ်ပြီး အသားအရေလဲ ကျန်းမာလှပစေမှာ ဖြစ်ပါတယ်။

ဒီနှစ်နွေက ခါတိုင်းထက် ပိုပူနေတာကြောင့် မျက်နှာအဆီပြန် ချွေးပေါက်တွေ ပိတ်သွားပြီး ဝက်ခြံတွေထွက်လာမှာ ဖြစ်တာကြောင့် အလှပြင်နည်းလမ်းကောင်းတွေကို အောက်ပါအတိုင်း အကြံပြုရေးသားလိုက်ရပါတယ်။



မိတ်ကပ်မလိမ်းခင်မှာ SPF ပါတဲ့ Toner ကို ဦးစွာလိမ်းပေးပါ။ မျက်နှာအဆီပြန်တတ်လွန်းသူတွေက နွေရာသီမှာ နို့ရည်ကို လုံးဝမလိမ်းသင့်တော့ပါဘူး။ ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးတဲ့ နေလောင်ကာခရင်မ်(Sun Block Cream)ကိုသာ လိမ်းပေးရမှာပါ။ SPF ပမာဏများ လေကောင်းလေ ပါပဲ။ ဒါမှသာ နေလောင်ဒဏ်ခံနိုင်ပြီး အသားအရေ ပျက်စီးတာမှ ကာကွယ်နိုင်ပါလိမ့်မယ်။

နွေရာသီအတွက် မိတ်ကပ်လိမ်းတဲ့အခါ အဆီများတဲ့ မိတ်ကပ်ကို ရှောင်ရှားပါ။ ရေဓာတ်များများ ပါဝင်တဲ့ မိတ်ကပ်ကိုရွေးချယ်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ။ ပူအိုက်တဲ့ ရာသီဖြစ်တာကြောင့် မိတ်ကပ်ကို ပါးပါးလေးပဲ လိမ်းသင့်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ ချွေးတွေထွက်ပြီးမိတ်ကပ်တွေ ကွက်သွားတတ်ပါတယ်။

Two Way မိတ်ကပ်ကိုမှ နှစ်သက်သူတွေက မိတ်ကပ်ဖော့မှာ ရေဆွတ်ပြီး Two Way မိတ်ကပ်ကို ခပ်ပါးပါးလေး ပွတ်လိမ်းပါ။ ဒါမှသာ ပေါ့ပေါ့ပါးပါးနဲ့ အဆီပြန်မှာကိုလဲ စိတ်မပူရတော့ပါဘူး။ Two Way မိတ်ကပ်ကို အထူကြီးလိမ်းမိတဲ့အခါ ပူပြင်းတဲ့ ရာသီဥတုဖြစ်တာကြောင့် ချွေးတွေထွက်လာပြီး မိတ်ကပ်ကွက်တာ၊ ပပ်ကြားအက်တာတွေဖြစ်လာကာ လွန်စွာရုပ်ဆိုးစေပါတယ်။

အဆီပြန်တဲ့ အသားအရေပိုင်ရှင်တွေအတွက် Moisturizer ကရင်မ်ပပ်ဖ်အမျိုးအစားကို လုံးဝ မလိမ်းသင့်ပါဘူး။ Oil Free အမျိုးအစား ကရင်မ်ပပ်ဖ်ကိုသာ ရွေးချယ်ရမှာပါ။ SPF, PA ပါတဲ့ ကရင်မ်ပပ်ဖ် ဖြစ်ဖို့ အထူးလိုအပ်ပါတယ်။ ကရင်မ်ပပ်ဖ်ကိုလဲ ခပ်ပါးပါးလေးသာ လိမ်းပေးရမှာပါ။

Two Way မိတ်ကပ်လိမ်းသူတွေအတွက်ကတော့ ကရင်မ်ပပ်ဖ်အစား ပေါင်ဒါမှုန့်မျိုးကိုသာ ရွေးချယ်ပေးပါ။ မျက်နှာ အဆီပြန်တတ်သူများအနေဖြင့် နွေရာသီမှာ gloss နှုတ်ခမ်းဆိုးဆေးတွေကိုမဆိုးဘဲ ပုံမှန်ဆိုးဆေးတွေကို သုံးနိုင်ရင်ကောင်းပါတယ်။

အဆီပြန်တတ်တဲ့ အသားအရေတွေက နွေရာသီမှာဖုန်တွေကြေး(ကျိုး)တွေ ပိတ်လာနိုင်တာကြောင့် ကြေးညှော်တွေစင်အောင် မျက်နှာကို အထူးဂရုစိုက်၍ဆေးကြောသင့်ပါတယ်။ Foaming Cleanser နှစ်မျိုးပါတဲ့ မျက်နှာသစ်ဆပ်ပြာကို ရွေးချယ်ပေးပါ။

လှတစ်မျက်နှာ အတွက်သာမက၊ ခန္ဓာကိုယ်ကိုလဲ SPF များများပါတဲ့ နေရောင်ခံခရင်မ်လိုးရှင်းတွေ လိမ်းပေးရမှာပါ။ တစ်ခုသတိထားရမှာက နေရောင်ခံလိမ်းဆေးတွေဟာ ၁၅ မိနစ်၊ နာရီဝက်လောက်သာ ခံနိုင်ရည်ရှိတာကြောင့် နေပူပူထဲ အချိန်ကြာမြင့်စွာ ထွက်ရသူတွေအတွက် မကြာခဏဆိုသလို လိမ်းပေးဖို့ လိုအပ်ပါတယ်။

မျက်နှာအလှပြင်ပစ္စည်းတွေကို ဓာတုပစ္စည်းတွေဖြင့် ပြုလုပ်ထားတာကြောင့် ညအိပ်ရာဝင်ခါနီးမှာ သနပ်ခါးတုံး စစ်စစ်ကို သွေး၍လိမ်းပေးကြပါလို့ တိုက်တွန်းချင်ပါတယ် ဒါမှမဟုတ် သခွားသီးကိုပါးပါးလှီး၍ တစ်မျက်နှာလုံး ကပ်ထားပေးပါ။ Night ခရင်မ်ကိုသာ ကြိုက်သူတွေအနေနဲ့ မိမိနှစ်သက်ရာအမျိုးအစားကိုရွေးချယ်၍ အသားအရေကို ပြန်လည် ဖြည့်တင်းထားနိုင်ပါတယ်။

မဖြစ်မနေ အပြင်ထွက်ရတဲ့အခါမှာလဲ မျက်နှာကိုနေရောင် တိုက်ရိုက်မထိတွေ့ရအောင် ဦးထုပ်၊ ထီးဖြင့် ကာကွယ်ပါ။ အနက်ရောင်၊ အရောင်ရင့်ရင့် ထီးမျိုးကိုရွေးချယ်ပါ။ UV ကာကွယ်နိုင်သော ထီးမျိုး ဖြစ်ပါစေ။

ယခင်ထက်ပို၍ ရေများများသောက်ပါ။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူ လူတစ်ဦးအတွက် တစ်နေ့လျှင် သန့်ရှင်းသော သောက်ရေကို ၄ကပ်ပျော့ဖူး ၁၀ ပုလင်းမှ ၁၆ ပုလင်း(ငါးလီတာမှ ရှစ်လီတာခန့်)အား ဓာတ်ဆားရည်နှင့်ရော၍ သောက်သုံးပေးသင့်ပါတယ်။

နွားနို့၊ ဒိန်ချဉ်၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ တလည်းသီး၊ သံပုရာသီး၊ ဘူးသီး၊ ဖရုံ၊ သခွား၊ ဖရဲသီး၊ ဖရဲသခွား၊ သခွားမွေး၊ မန်ကျည်းသီး၊ ရှောက်သီး၊ ဂေါ်ရခါးသီး၊ လိမ္မော်၊ စပျစ်၊ နာနတ်၊ ဂရိတ်ဖရုသီး၊ ဘယ်ရီသီး၊ မုန်လာဥနီ၊ မုန်လာဥအဖြူ၊ ဟင်းရွက်သုပ်၊ အစိမ်းရောင်ရွက်ချိုပွ၊ ပူဒီနာရွက်၊ ကြံရည် စတဲ့ အစားအသောက်တွေက ခန္ဓာကိုယ်တွင်း အပူငြိမ်း၍ အေးမြစေသော အစားအသောက်တွေ ဖြစ်ကြပါတယ်။

အဆီပြန်ဟင်းလျာတွေထက် အိုမီဂါ-၃ ဖက်တီးအက်ဆစ်ကြွယ်ဝသည့် ပင်လယ်ငါးစားပေးပါ။ ကိုကိုး၊ မန်ကျည်းဖျော်ရည်၊ ဆေးကုလားမ၊ ခရမ်းချဉ်သီးဖျော်ရည်များနှင့် လက်ဖက်ရည်ကြမ်းတို့ကို များများသောက်ပါ။

အထူးသဖြင့် နွေပူပူကာလမှာ သနပ်ခါးမှန်မှန် လိမ်းပေးပါက တင်းတိပ်၊ မဲ့ခြောက်တွေနဲ့ မျက်နှာ အဆီပြန်ခြင်းမှ ကင်းဝေးစေပါမယ်။ ဒါ့ပြင် သနပ်ခါးက အသားအရေအေးမြစေကာ နေလောင်ဒဏ်ခံကို ခုခံနိုင်ပြီး အသားအရေ စိုပြည်လှပ ညက်ညောစေပါတယ်။ သို့သော် ခေတ်ပုံရိပ်အရ နေ့ဘက်တွေမှာ အလုပ်သွား၊ ကျောင်းသွား၊ အပြင်ထွက်တဲ့အခါ သနပ်ခါးကို ဖယ်ထားကြပါတယ်။ ဒါပေမဲ့ ညအိပ်ရာဝင်ခါနီးတိုင်း မြန်မာ့သနပ်ခါးစစ်စစ်ကို လိမ်းကာ နေလောင်ဒဏ် ကာကွယ်ကြစေလိုပါတယ်။

စာရေးသူကိုယ်တိုင်လည်း ဒီနည်းအတိုင်း မိမိအသားအရေကို ထိန်းသိမ်းစောင့်ရှောက်နေပါတယ်လို့ သုတမျှဝေ ရေးသားလိုက်ရပါတယ်။ ဒီနှစ် နွေရာသီမှာ အထက်ပါနည်းလမ်းကောင်းများကိုသုံး၍ ပျိုမေတို့ လှသထက်ပို၍ လှနိုင်ကြပါစေရှင်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဖေဖော်ဝါရီလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လအတွင်း လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးက အကြမ်းအုပ်စုထဲမှာပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒေသတွင်း ဆန်စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေတာကြောင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာပါတယ်" ဟု လပွတ္တာမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြ၍ ၁၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး

**ကျော်ကျော်လင်း**

# ကောင်းမြတ်ဂုဏ်စုံစွာရွှေပိတောက်ဝါ

စိန်ငွေးလှိုင်(ပခုက္ကူ)



ပိတောက်ပန်းသည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၏သင်္ကေတဖြစ်ပြီး မြန်မာတို့အနေဖြင့် တန်ဖိုးထားရသောပန်းဖြစ်သည်။ ပုံမှန်အားဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့မတိုင်ခင် သင်္ကြန်ကာလတွင် ဖူးပွင့်လေ့ရှိသည်။ ရွှေပိတောက်ဝါသည် အတာသင်္ကြန်သို့ရောက်သည့်အခါ အားမာန်ဝင့်စွာ ဖူးပွင့်တတ်ကြသည်။ အပြာရောင်ကောင်းကင်မှတိမ်တိုက်များကို နောက်ခံထားကာ ရွှေဝါရောင်အပွင့်လေးများက အစုလိုက်၊ အပြုံလိုက်ခိုတွဲနေကြသည်မှာ သဘာဝပန်းချီကားတစ်ချပ်နှယ် လှပနေသည်။ လေပြေလေးဆော်သွေးလိုက်သောအခါ ပွင့်ဖူးငယ်တို့သည် ဘယ်ညာသို့လူးကာ ရွှင်မြူးနေကြသည်။

"အပွင့်ရယ်ဝါ အညွှာမှာမြရည်လိမ်း"သောပန်းတစ်မျိုးဖြစ်ပြီး အစိမ်းရောင်ညွှာတံက ဝါထိန်နေသည့်ပိတောက်ပန်းကို ပိုမိုတောက်ပလာစေရန် ပံ့ပိုးထားသည်။ ပူပြင်းသောနွေရာသီကို အံတုကာ ဖူးပွင့်ကြပြီး သင်္ကြန်မိုးပြေးလေး ဆွတ်ဖြန်းရုံဖြင့် ပိတောက်ပန်းတို့သည် ပင်လုံးကျွတ်ဝေဝေဆာဆာ ဖူးပွင့်လာကြသည်။

ပိတောက်ပန်းရနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ရသည်မှာ စိတ်ကိုလွန်စွာကြည်နူးစေသည်။ အခြားပန်းတို့လို တကူးတကနမ်းရှိုက်စရာမလိုဘဲ အပင်အောက်သို့ရောက်ရှိသည်နှင့် မွှေးပျံ့သောရနံ့ကိုရရှိနေပေသည်။ ခူးဆွတ်ပြီးနောက်ပိုင်းတွင် အချိန်ကြာကြာ ရနံ့မပြယ်ဘဲ ဆက်လက်မွှေးကြိုင်နေတတ်သော်လည်း ပွင့်ပြီးလျှင် တစ်ရက်နှစ်ရက် အတွင်းမှာ ကြွေကျတတ်သည်။ ၎င်းမှာ ဗုဒ္ဓတရားတော်လာ အနိစ္စ(မမြဲခြင်း)ကို လက်တွေ့ပြသနေသကဲ့သို့ ဖြစ်နေပေသည်။

"မခူးချင်စမ်းပါနဲ့၊ နှစ်ဆန်းခါတော်မီမို့၊ ဇမ္ဗူရည်ပြေပြေလိမ်းကာပ၊ ခပ်သိမ်းနယ်စုံစုံသို့ ပွင့်ငုံကို လင့်ကုန်ကြတော့လို့၊ ခေါင်းကြွကာဆာဝေဝေနဲ့၊ သူလဲလေ လောကီသားလိုပ့်၊ ကြွားချင်လှပေပေလိမ့်မယ်"ဟုဆိုသော ဆရာကြီးဇော်ဂျီက ပိတောက်ပန်းကဗျာတွင်ဖွဲ့ဆိုထားပြန်ရာ ထိုပန်းသည် နှစ်ဆန်းချိန်တန်ခူးလတွင် ရွှေရည်လူးထားသည့်နှယ် ပင်ယံထက်၌ ဝေဝေဆာဆာပွင့်နေကြသည်။ ထိုပန်းများကို မခူးကြပါနှင့်၊ သူတို့သည်လည်း လောကီသားများဖြစ်ကြရာ ကြွားချင်ရှာပါလိမ့်မည်ဟုအဓိပ္ပာယ်ရသည်။

"တစ်နှစ်မှာတစ်ခါ၊ တစ်ခါသော်သည်တစ်လ၊ တစ်လမှာတစ်ရက်တည်း၊ ခက်ခဲတဲ့ပိတောက်ဝါ" ဟူသောစကားအတိုင်း တစ်နှစ်တွင်တစ်ကြိမ်သာ ပွင့်ပြီး "သစ္စာရှိသောပန်း"ဟု တင်စားကြသည်။ တန်ခူးလ(ဧပြီလလယ်)တွင် ဖူးပွင့်လေ့ရှိကာ ရေသဘင်ပွဲတော်နှင့် အချိန်ကိုက်ဖူးပွင့်တတ်တာကြောင့် သင်္ကြန်ရောက်ပြီဆိုသည်ကို အသိပေးသော"အချက်ပေးပန်း"ဖြစ်သည်။ မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ်ဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုရည်မှန်းပြီး ကပ်လှူကြသကဲ့သို့ သင်္ကြန်ယိမ်းအဖွဲ့နှင့် မြန်မာအမျိုးသမီးများကလည်း မြတ်မြတ်နိုးနိုးပန်ဆင်ကြသည်။

မြန်မာ့ပဒေသရာဇ် နန်းတွင်းရာဇဝင်များတွင် ပိတောက်ပန်းကို မင်းစိုးရာဇာများက အမြတ်တနိုးတန်ဖိုးထားခဲ့သော သာဓကများခိုင်မာစွာရှိခဲ့သည်။ မိဖုရား၊ သမီးတော်နှင့်အပျိုတော်များသည် ပိတောက်ပန်းပွင့်ချိန်ရောက်တိုင်း "ပိတောက်ဦး"ကို ရွှေလင်ဗန်းဖြင့် ဆက်သသည်ကို ခံယူကြသည်။ ပိတောက်ပန်းကို သပြေခက်နှင့်ရောနှောကာ နန်းတော်ဆောင်များတွင် အမွှေးနံ့သာအဖြစ်ထားရှိပြီး နန်းမတော်များက ဆံကေသာ၌ အမြတ်တနိုးပန်ဆင်ကြသည်။

ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်တွင် နန်းတွင်းသင်္ကြန်ကျင်းပရာ၌ ပိတောက်ပန်းမှာ မပါမဖြစ် ဇာတ်လိုက်ဖြစ်ခဲ့သည်။ နန်းတွင်းသူများမှာပိတောက်ပန်းကို အခိုင်လိုက်ပန်ဆင်ပြီး ရေသဘင်ပွဲကိုဆင်နွှဲခဲ့ကြသည်။ ဘုရင်နှင့်မိဖုရားတို့သည် သင်္ကြန်ကာလအတွင်း သိကြားမင်းကိုကြိုဆိုသည့်အနေဖြင့် အတာအိုးတွင် ပိတောက်ပန်းကိုထိုးစိုက်ကာအသုံးပြုခဲ့သည်။ ငွေဖလားတွင် ပိတောက်ပန်းပွင့်ဖတ်များထည့်ပြီး ဘုရားဆင်းတုတော်တွင် ကပ်လှူပူဇော်လေ့ရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ပိတောက်ပန်းသည် သာမန်ပန်းတွေထက်ထူးကဲကာ အနှစ်သာရရှိသောပန်းဖြစ်သည်။ ပန်းအားလုံးအနက် ပိတောက်ပန်းသည် ဂုဏ်အရှိဆုံး၊ အဆင့်အမြင့်ဆုံး ပန်းတစ်မျိုးဖြစ်သည်ဟု ဆိုချင်ပါသည်။

ပိတောက်ပန်းသည် ရုပ်ပိုင်းဆိုင်ရာလှပမှုသာမက မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် ပတ်သက်နေသည်။ အချိန်မှန်ပွင့်တတ်သောကြောင့် ဝတ္တရားကျေပွန်မှုနှင့် သစ္စာရှိမှုကိုညွှန်းဆိုနေပြီး မြန်မာ့နှစ်သစ်၏နိမိတ်ကောင်းဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာစာဆိုတော်ကြီးများက ပိတောက်ပန်းကို အခြေခံကာချစ်ခြင်းမေတ္တာ၊ လွမ်းမောဖွယ်ရာနှင့် မျိုးချစ်စိတ်ဓာတ်ဆိုင်ရာ ကဗျာ၊ သီချင်းများစွာကို ရေးဖွဲ့သီဆိုခဲ့ကြသည်။ ထို့ကြောင့် ပိတောက်ပန်းကို အမျိုးသားရေးပန်းဟူ၍လည်း ခေါ်ဆိုကြပြန်သည်။

မြန်မာလူမျိုးတို့သည် ပိတောက်ပန်းကိုဆင်ယင်မှုနှင့် ပူဇော်မှုတွင်အသုံးပြုကြသည်။ ပန်းကိုခူးပြီး ဘုရားတင်ခြင်း၊ ခေါင်းတွင်ပန်ဆင်ခြင်း စသည့် လက်တွေ့အသုံးချမှုကိုပိုမို၍ အလေးထားကြသည်။ ပိတောက်ပန်းသည် "တစ်ရက်ခံပန်း"ဟု ပြောရလောက်အောင် ပွင့်ပြီးသည်နှင့် ချက်ခြင်းကြွေကျလွယ်တတ်သည်။ ထို့ကြောင့် မြန်မာတို့သည် မကြွေမီခူးဆွတ်ကာ အမြတ်တနိုး သိမ်းဆည်းချင်သည့်စိတ်ဆန္ဒမှာ ပိုမိုရှိကြသည်။ သို့သော် ဂျပန်လူမျိုးတို့၏ အမြတ်တနိုးတန်ဖိုးထားရာ ချယ်ရီပန်းကိုမူ ဂျပန်လူမျိုးများက မခူးဆွတ်ဘဲ"ရှုခင်းအလှ" အဖြစ်သာ ခံစားကြသည်။ မြန်မာလူမျိုးတို့ကမူ ပိတောက်ပန်းကို "ဆင်ယင်မှုအလှ"အဖြစ် ခံစားကြသည်။

မြန်မာနိုင်ငံတွင် ပိတောက်ပန်းကို ခင်မင်မြတ်နိုးကြသော်လည်း ပန်းကိုပိုင်ဆိုင်ချင်သောအတ္တစိတ်ကို ရှေ့တန်းတင်ကာ အကိုင်းလိုက်ချိုးယူခြင်းနှင့်ဓားဖြင့် ခုတ်ထွင်ခြင်းများ လုပ်ဆောင်နေကြသည်။ ၎င်းမှာ အပင်ကိုပျက်စီးစေရုံသာမက နောက်နှစ်တွင်ပန်းပွင့်နှုန်းကိုလျော့နည်းသွားစေသည်။ ထိုအပြုအမူသည် သစ်ပင်ကိုထိခိုက်စေသော အလေ့အကျင့်ဆိုးတစ်ခု ဖြစ်သည်ဟုဆိုချင်ပါသည်။ ပန်းကိုချစ်လျှင် အပင်ကိုတန်ဖိုးထားရမည်ဆိုသော အသိပညာပေးမှု လိုအပ်ချက်ကြောင့်ဖြစ်သည်။ ဂျပန်တို့က ချယ်ရီပန်းကို "ကြည့်ရှုခြင်းဖြင့်မြတ်နိုးခြင်း"ဖြစ်ပြီး၊ မြန်မာကမူ"ပိုင်ဆိုင်ဆင်ယင်ခြင်းဖြင့် မြတ်နိုးခြင်း"ပင် ဖြစ်ပေသည်။

ယခုဆိုလျှင် မြို့ပြများတွင် ရာသီဥတုဖောက်ပြန်မှု၊ စနစ်တကျပြန်လည်စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် ပိတောက်ပင်ကြီးများတဖြည်းဖြည်းရှားပါးလာသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ ထို့ကြောင့် "စနစ်တကျစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း အလေ့အကျင့်ကောင်း"ကိုမြန်မာလူမျိုးများကြားတွင် ပိုမိုပျံ့နှံ့လာအောင် လုပ်ဆောင်သင့်သည်။ အပင်ပေါ်မှပိတောက်ပန်းကို ကြည့်ရှုခံစားတတ်သော "အဆင့်မြင့်သည့် အလှအပဆိုင်ရာယဉ်ကျေးမှု"တစ်ခုဖြစ်ပေါ်လာစေရန် အားလုံးတွင် တာဝန်ရှိသည်ဟုလည်း ထင်မြင်သုံးသပ်မိပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပိတောက်ပန်းသည် မကြာမီသင်္ကြန်ကာလသို့ ရောက်တော့မည်ဆိုသည်ကို ဖော်ကျူးပေးနေသောပန်းဖြစ်သည်။ ထို့ကြောင့် ကောင်းမြတ်ခြင်းဂုဏ်ဒြပ်များ ပြည့်စုံနေသော ရွှေပိတောက်ဝါပန်းများကို တယုတယထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။

❖ ပိတောက်ပန်းရနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ရသည်မှာ စိတ်ကိုလွန်စွာကြည်နူးစေသည်။ အခြားပန်းတို့လို တကူးတက နမ်းရှိုက်စရာမလိုဘဲ အပင်အောက်သို့ရောက်ရှိသည်နှင့် မွှေးပျံ့သောရနံ့ကို ရရှိနေပေသည်။ ခူးဆွတ်ပြီးနောက်ပိုင်းတွင် အချိန်ကြာကြာ ရနံ့မပြယ်ဘဲ ဆက်လက်မွှေးကြိုင်နေတတ်သော်လည်း ပွင့်ပြီးလျှင် တစ်ရက်နှစ်ရက်အတွင်းမှာ ကြွေကျတတ်သည်။ ၎င်းမှာဗုဒ္ဓတရားတော်လာအနိစ္စ(မမြဲခြင်း)ကို လက်တွေ့ပြသနေသကဲ့သို့ ဖြစ်နေပေသည်။ ❖

**ကိုးကား**

**- ဆရာကြီးဇော်ဂျီ၏ ပိတောက်ပန်းကဗျာနှင့်**
**ဦးကြော့၏ပိတောက်ရွှေဝါလေးချိုး။**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**မော်လိုက် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၃၇၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပန်းနှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ဧက ၁၆၁၀၊ မြောင်မြို့နယ်တွင် ၂၁၄၄ ဧက စုစုပေါင်း ၃၇၅၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပန်းနှမ်း ၃၇၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပန်းနှမ်းခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပန်းနှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပန်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ သဘာဝမြေဩဇာသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပန်းနှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)











# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ပြုလုပ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများကို ရထားနှင့် လေယာဉ် အခမဲ့စီးနင်းခွင့်ပြုမည်

နေပြည်တော် မေ ၅

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့ရရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်ရရှိသူများနှင့် ၎င်းတို့၏ ဇနီး သို့မဟုတ် ခင်ပွန်းများ၊ သားသမီးများကို မြန်မာ့မီးရထားအထက်တန်းအခမဲ့စီးနင်းခွင့်နှင့် မြန်မာ့မီးရထားစီးနင်းခြင်းမပြုနိုင်သော ဒေသများအတွက် နိုင်ငံပိုင်လေကြောင်းလိုင်းအား တစ်နှစ်လျှင် အသွား၊အပြန် နှစ်ကြိမ် အခမဲ့စီးနင်းခွင့်ပြုသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ခံစားခွင့်ရှိသူများသည် နီးစပ်ရာမြန်မာ့မီးရထားဘူတာရုံများတွင် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိထားကြောင်း အထောက်အထားပြသ၍ မှတ်ပုံတင်စာရင်းသွင်းကြရမည်ဖြစ်ပြီး မြန်မာ့မီးရထားက Smart Card များထုတ်ပေးသွားမည်ဖြစ်ပါသည်။ခရီးသွားလာသည့်အခါ သက်ဆိုင်ရာဌာနများတွင် Smart Card များပြသ၍ မီးရထားလက်မှတ်၊ လေယာဉ်လက်မှတ်များ ထုတ်ယူရန်ဖြစ်ပါသည်။ စတင်မှတ်ပုံတင်စာရင်းသွင်းရမည့်နေ့ရက်ကို အကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

## ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



၂၀၂၆ ခုနှစ် မေ ၄ ရက်တွင် နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံ သုံးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့် ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၅

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ ထိရောက်စွာ တားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ်တစ်ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် ဖမ်းဆီးရမိ




နေပြည်တော် မေ ၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၂၆ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားရှိ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကိုဦးနှင့်အတူ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖

တရားခံ ဇော်ဝင်းနိုင် ခေါ် ဖိုးသား၊ ကိုဦး၊ နိုင်လင်း၊ ဖြိုးကိုကို၊ နိုင်ချိန်းအောင်နှင့် မတင့်တင့်အေးတို့ကို မန္တလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်နှင့်အတူ တွေ့ရစဉ်။

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် မေ ၁၃ ရက် (တနင်္လာနေ့)မှ မေ ၁၈ ရက် (စနေနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

